# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်း ပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက် | ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၇ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၁၀၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီးနှံတိုးချဲ့စိုက်ပျိုးရေး၊ ဝါအထွက်နှုန်း တိုးတက်ရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးညှိနှိုင်း ဆွေးနွေးပွဲတွင် ဆွေးနွေးပြောကြားစဉ်။

## သီးနှံတိုးချဲ့စိုက်ပျိုးရေး၊ ဝါအထွက်နှုန်းတိုးတက်ရေးနှင့် မွေးမြူရေးလုပ်ငန်းများတိုးတက်ရေး ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဆွေးနွေး

# ဆီထွက်သီးနှံနှင့် ဝါစိုက်ပျိုးမှုများမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်

**နေပြည်တော် ဩဂုတ် ၆**

သီးနှံတိုးချဲ့စိုက်ပျိုးရေး၊ ဝါအထွက်နှုန်း တိုးတက်ရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးညှိနှိုင်း ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဆွေးနွေးသည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ အစည်းအဝေးများနှင့် တွေ့ဆုံပွဲများတွင် မကြာခဏထည့်သွင်း ပြောကြားလျက်ရှိကြောင်း၊ *စာမျက်နှာ ၃ ကော်လံ ၁* ❍

**ယနေ့ ဖတ် စ ရာ**

## ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်း

ပြည်တွင်းသတင်း စာ ၅

## ဝိသမလောဘသားတို့၏ ညွှတ်ကွင်းမှ လွတ်ကင်းနိုင်ပါစေ

ဆောင်းပါး စာ ၁၆



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းဆွေးနွေးတင်ပြစဉ်။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ရှင်းလင်းဆွေးနွေးတင်ပြစဉ်။



သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ရှင်းလင်းဆွေးနွေးတင်ပြစဉ်။



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း ရှင်းလင်းဆွေးနွေးတင်ပြစဉ်။

- ❖ **ဆီထွက်သီးနှံများ ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုများ တိုးတက်လာမည်**
- ❖ **ဆီအုန်းစိုက်ပျိုးမှုနှင့် ပတ်သက်၍ အကြောင်းအမျိုးမျိုးကြောင့် အထွက်နှုန်းများနည်းပါးလျက်ရှိ**
- ❖ **ဆီအုန်းစိုက်ပျိုးမှုမှထွက်ရှိသည့် ဆီကြမ်းများကို စက်မှုကုန်ကြမ်းအဖြစ် သုံးစွဲလျက်ရှိပြီး ဆီကြမ်းများမှ စားသုံးဆီချောထုတ်လုပ်နိုင်ရေး ဆွေးနွေးဆောင်ရွက်**

❍ *ရှေ့ဖုံးမှ*

မိမိတို့နိုင်ငံ၏ ကုန်ထုတ်လုပ်မှုတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသည် အဓိကကျကြောင်း၊ အဓိကကျသည့် ကုန်ထုတ်လုပ်မှုများ အားကောင်းလာစေရေးအတွက် စိုက်ပျိုးရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို မဖြစ်မနေ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အဓိကစိုက်ပျိုးသီးနှံများဖြစ်သည့် စပါး၊ ပဲ၊ ဝါနှင့် ဆီထွက်သီးနှံများကို တိုးတက်အောင် စိုက်ပျိုးရမည်ဖြစ်ကြောင်း။

**ဆီကြိတ်စက်များ၏အရည်အသွေး ကောင်းမွန်ရန်လည်းလို**

ဆီထွက်သီးနှံနှင့်ပတ်သက်၍ မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာနှင့် ဆီအုန်းများသည် မိမိတို့နိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော်လည်း စားသုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရကြောင်း၊ မြေပဲနှင့် နှမ်းများကို ဆီအဖြစ်စားသုံးခြင်း၊ ပို့ကုန်များအဖြစ် ပြည်ပသို့တင်ပို့ခြင်းနှင့် မိရိုးဖလာအစားအစာအဖြစ် အသုံးပြုခြင်းများရှိကြောင်း၊ အထွက်နှုန်းများမှာလည်း ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိခြင်းမရှိသောကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်များမှာ ပိုမိုများပြားလျက်ရှိနေကြောင်း၊ ဆီထုတ်လုပ်ရာတွင်လည်းဆီကြိတ်စက်များ၏ အရည်အသွေးကောင်းမွန်ရန်လည်း လိုအပ်ကြောင်း။

အလားတူ နေကြာသည်လည်း ဆီထွက်သီးနှံများတွင် တွက်ခြေကိုက်သည့် ဆီထွက်သီးနှံတစ်ခုဖြစ်သဖြင့် ပန်းတိုင်အထွက်နှုန်းအတိုင်း ထွက်ရှိစေရေး မျိုး၊ မြေ၊ ရေ၊ နည်း စသည့်(၄) ချက်နှင့် စနစ်တကျဆောင်ရွက်သွားရန်လိုပြီး စိုက်ပျိုးမှုများ တိုးတက်စေရေး စိုက်ပျိုးတောင်သူများကို အားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ နေကြာကို အမှန်တကယ် တိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ နေကြာစိုက်ပျိုးမှုများကို တစ်နှစ်ထက် တစ်နှစ် တိုးချဲ့စိုက်ပျိုးခြင်းနှင့် သီးထပ်စိုက်ပျိုးခြင်းကို ဆောင်ရွက်သွားရန်လိုကြောင်း၊ နေကြာမျိုးများ ရရှိရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆီထွက်သီးနှံများ ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ဆီအုန်းစိုက်ပျိုးမှုနှင့်ပတ်သက်၍ အကြောင်းအမျိုးမျိုးကြောင့် အထွက်နှုန်းများနည်းပါးလျက်ရှိကြောင်း၊ ဆီအုန်းစိုက်ပျိုးမှုမှထွက်ရှိသည့် ဆီကြမ်းများကို စက်မှုကုန်ကြမ်းအဖြစ်သုံးစွဲလျက်ရှိပြီး ဆီကြမ်းများမှ စားသုံးဆီချောထုတ်လုပ်နိုင်ရေး ဆွေးနွေးဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် ပျားမွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျဆောင်ရွက်နိုင်မည်ဆိုပါက ပျားရည်ထုတ်လုပ်ရေးတွင်လည်း များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ယခင်နှစ်က ဝါစိုက်ပျိုးဧက ၅ သိန်း ခန့်ရှိခဲ့သော်လည်း အထွက်နှုန်းနည်းပါးခဲ့ကြောင်း၊ ဝါစိုက်ပျိုးမှုမှ ထွက်ရှိသည့် ဝါမှ ဝါဂွမ်း၊ လင်တာဂွမ်း (အမျှင်တို) နှင့် ဝါစေ့များ ထွက်ရှိလာမည်ဖြစ်ပြီး ဝါစေ့မှ ဝါစေ့ဆီနှင့် တိရစ္ဆာန်အစာများ ထုတ်လုပ်နိုင်ကြောင်း၊ ဝါဂွမ်းကိုလည်း ချည်မျှင်ရှည်ဝါများဖြင့် အဆင့်မြင့်ချည်များ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် ဝါစိုက်ပျိုးသည့် အဓိကနိုင်ငံများထဲတွင် ပါဝင်ကြောင်း၊ ဝါစိုက်ပျိုးမှုသည် နိုင်ငံအတွက်ဝတ်ရေးကို များစွာအထောက်အကူပြုစေကြောင်း၊ ဝါဂွမ်းမှ ချည်နှင့်ချည်ပိတ်များထုတ်လုပ်၍ ရောင်းချနိုင်မည်ဆိုပါက ဝင်ငွေများပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ချည်ထုတ်လုပ်မှုများ တိုးတက်စေရေးအတွက် စက်မှုလုပ်ငန်းများဖြင့် တိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပြည်တွင်းမှထွက်ရှိသည့် ဝါဖြင့်ချည်များကို အရည်အသွေးကောင်းမွန်စွာဖြင့် ထုတ်လုပ်နိုင်ပါက ဝင်ငွေများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

**ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းတစ်ခုအဖြစ် ပြောင်းလဲဆောင်ရွက်ခြင်းဖြင့် တစ်ခေတ်ပြောင်းရန်လို**ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုရရှိလာမည်ဖြစ်ပြီး ဝင်ငွေများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ကာ ဝါစိုက်တောင်သူများနှင့် ဝါနှင့်ပတ်သက်သည့်လုပ်ငန်းများ ဆောင်ရွက်နေသူများ၏ ဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝါစိုက်ပျိုးမှုများကို ယခင်ကစိုက်ပျိုးခဲ့သည့် ဧက ၇ သိန်းခန့် ပြန်လည်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တက်ရောက်လာကြသူများအနေဖြင့် ဝါစိုက်ပျိုးမှု တိုးတက်ရေးနှင့်ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း။

**နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများထုတ်ပေး**

ဝါစေ့ဆီမှ ဆီထုတ်လုပ်ခြင်း၊ ဆီထွက်သီးနှံများမှ ဆီထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးကောင်းမွန်သည့် ဆီများရရှိစေရေးအတွက် အရည်အသွေးကောင်းမွန်သည့် ဆီကြိတ်စက်များဖြင့် ကြိတ်ခွဲနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ စိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် စက်မှုလုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ငွေကြေးများလိုအပ်ကြောင်း၊ ယခင်ကလည်း မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများထုတ်ပေးခဲ့ကြောင်း၊ လိုအပ်ချက်များရှိပါကလည်း နိုင်ငံတော်မှ ရန်ပုံငွေများထပ်မံထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံနှင့် ဝါစိုက်ပျိုးမှုများမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

**နိုင်ငံအတွက်များစွာအကျိုးဖြစ်ထွန်းစေမည်**

စပါးနှင့်ပတ်သက်၍ ပန်းတိုင်အထွက်နှုန်းများအတိုင်းထွက်ရှိရေးနှင့် သီးထပ်စွမ်းအားများ တိုးတက်စေရေးအတွက် ဆောင်ရွက်သွားရန်လိုကြောင်း၊ နွေစပါး တိုးချဲ့စိုက်ပျိုးခြင်း၊ စပါးပြီး စပါးစိုက်ပျိုးခြင်း၊ စပါးပြီး အခြားသီးနှံစိုက်ပျိုးခြင်း၊ နွေစပါး ပြန်လည်စိုက်ပျိုးခြင်းများကို ဆောင်ရွက်ပြီး သီးထပ်စိုက်ပျိုးမှုများ တိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သီးထပ်စွမ်းအားများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံအတွက်များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်စေရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း စသည့်နည်းလမ်း (၄) သွယ်ဖြင့် စိုက်ပျိုး၍ ပန်းတိုင်အထွက်နှုန်းများအတိုင်း ထွက်ရှိအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်သည့် ရေခံ၊ မြေခံကောင်းများရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပန်းတိုင်အထွက်နှုန်းများအတိုင်း ထွက်ရှိစေရေး တက်ရောက်လာကြသူများအားလုံးက ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း။

**ဇီဝမြေဩဇာအဖြစ်အသုံးပြုနိုင်**

မွေးမြူရေးနှင့်ပတ်သက်၍ စနစ်ကျသည့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသန္တရရှိနေသည့် နွား၊ ဝက်၊ ကြက်နှင့် ဆိတ်များကို မွေးမြူရာတွင်လည်း နည်းစနစ်တကျမွေးမြူမည်ဆိုပါက အောင်မြင်ဖြစ်ထွန်းနိုင်သည်ကို တွေ့ရကြောင်း၊ အလားတူ အထွက်ကောင်းမျိုးများကိုလည်း မွေးမြူသွားရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက်လိုအပ်သည့် တိရစ္ဆာန်အစာများသည်လည်း ဒေသတွင်း၌ ရရှိနိုင်သည်များရှိကြောင်း၊ စနစ်တကျဖြင့် လှောင်၍မွေးမြူသည့် မွေးမြူရေးလုပ်ငန်းများမှ ရရှိလာသည့် စွန့်ပစ်ပစ္စည်းများကို စိုက်ပျိုးရေးလုပ်ငန်းများတွင် ဇီဝမြေဩဇာအဖြစ် အသုံးပြုနိုင်ကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးသည် အပြန်အလှန်အကျိုးပြုသည့် လုပ်ငန်းများဖြစ်ကြောင်း၊ ထို့ကြောင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးနှင့် ပတ်သက်၍လည်း ဆွေးနွေးပြောကြားစေလိုကြောင်း ပြောကြားသည်။

**အသီးသီးရှင်းလင်းဆွေးနွေး**

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် အရည်အသွေးမီဝါဂွမ်းများရရှိရေး ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ဆီထွက်သီးနှံနေကြာ တိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်များ၊ နို့စားနွားမွေးမြူမှုနှင့် နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်မှု အခြေအနေများ၊ နို့စားနွားမွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဝါသီးနှံစိုက်ပျိုးရေးနှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝါစိုက်ပျိုးရန် လျာထားမှုအပေါ် သမဝါယမအသင်းများဖွဲ့စည်းပြီးစီးမှုအခြေအနေများ၊ သွင်းအားစုများအတွက် လိုအပ်သည့်ငွေကြေးများ ထောက်ပံ့ပေးထားမှုနှင့် စိုက်ပျိုးပြီးစီးမှု အခြေအနေများ၊ ဆီထွက်သီးနှံနေကြာစိုက်ပျိုးမှုတိုးချဲ့ရေးတွင် လိုအပ်သည့်မျိုးနှင့် သွင်းအားစုများရရှိရေး လိုအပ်သည့်ထောက်ပံ့မှုများ ရရှိအောင် ဆောင်ရွက်ပေးထားမှုနှင့် သမဝါယမစနစ်ဖြင့် လုပ်ငန်းလည်ပတ်နိုင်ရေး ဆောင်ရွက်ပေးထားမှု အခြေအနေများ၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေး သမဝါယမစနစ်နှင့် မြစိမ်းရောင်စနစ်တို့ဖြင့် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို လည်းကောင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက ဝါထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်ရှိ ဝါကြိတ်၊ ချည်မျှင်၊ စက်ရက်ကန်း၊ အထည်အလိပ်၊ ပြည်တွင်းအထည်ချုပ်လုပ်ငန်းများ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပျံ့နှံ့မှုအခြေအနေများ၊ ဝါစိုက်ပျိုးထုတ်လုပ်မှုမှ အထည်အလိပ်များ ထုတ်လုပ်သည်အထိ တန်ဖိုးမြှင့်ကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေး Action Plan ဖော်ထုတ်ရေးအလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေးနှင့်ပတ်သက်၍တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဆီစက်လုပ်ငန်းများ မှတ်ပုံတင်ထားရှိမှုနှင့် ကြိတ်ခွဲထုတ်လုပ်နိုင်မှုအခြေအနေများ၊ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်မှုအခြေအနေများ၊ ပြည်တွင်းဆီစက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် *စာမျက်နှာ ၄ သို့*

- ဝါဂွမ်းမှ ချည်နှင့်ချည်ပိတ်များထုတ်လုပ်၍ ရောင်းချနိုင်မည်ဆိုပါက ဝင်ငွေများ ပိုမိုရရှိနိုင်မည်
- မိမိတို့နိုင်ငံအနေဖြင့် ပြည်တွင်းမှထွက်ရှိသည့် ဝါဖြင့်ချည်များကို အရည်အသွေး ကောင်းမွန်စွာဖြင့် ထုတ်လုပ်နိုင်ပါက ဝင်ငွေများပိုမိုတိုးတက်လာမည်
- ဝါစိုက်ပျိုးမှုများကို ယခင်ကစိုက်ပျိုးခဲ့သည့် ဧက ၇ သိန်းခန့် ပြန်လည်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရမည်

*စာမျက်နှာ ၃ မှ*

အသိပညာပေး ဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့မှုနှင့် ဖော်ထုတ်ရရှိခဲ့သည့် ရလဒ်များကိုလည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူလယ်သမားများအတွက် စိုက်ပျိုးထုတ်လုပ်မှုစရိတ် ချေးငွေများကို သီးနှံအမျိုးအစားအလိုက် သက်သာသောအတိုးနှုန်းထားဖြင့် ထုတ်ပေးထားလျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ချေးငွေများကို ခေါင်းစဉ်အလိုက် ထုတ်ပေးထားလျက်ရှိမှုတို့ကိုလည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ဝါနှင့်ပတ်သက်သည့် စက်မှုကုန်ထုတ်လုပ်ငန်းများဆိုင်ရာကိစ္စရပ်များ၊ ဆီထွက်သီးနှံများနှင့် ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ နို့စားနွားမွေးမြူမှုနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**အားပေးဆောင်ရွက်**

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် တင်ပြချက်များအတိုင်း စိုက်ပျိုးနိုင်ရေးအတွက် အရင်းအနှီးနှင့် စုပေါင်းပြီး ဆောင်ရွက်သည့် စနစ်များ လိုအပ်ကြောင်း၊ သမဝါယမစနစ်ဖြင့် ဆောင်ရွက်ခြင်းသည် အသင့်လျော်ဆုံးဖြစ်ကြောင်း၊ အစုအဖွဲ့များဖြင့် တစ်ဦးနှင့်တစ်ဦးအပြန်အလှန်ကူညီကာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အတူတကွ စုပေါင်းထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ခူးဆွတ်ခြင်း၊ ရောင်းချခြင်းတို့ကို သမဝါယမစနစ်ဖြင့် ဆောင်ရွက်ခြင်းဖြင့် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ သမဝါယမစနစ်ဖြင့် စိုက်ပျိုးပြီး ဆီထွက်သီးနှံများမှ ထွက်ရှိလာသည့် ဆီများကို ဒေသတွင်းအပြင် အခြားပြင်ပ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့လည်း ရောင်းချပေးနိုင်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေး သမဝါယမအသင်းအဖွဲ့များအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ ဆီစက်များနှင့် ပတ်သက်၍လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆီစက်နှင့်ကုန်ကြမ်းအချိုးညီမျှရန်လိုကြောင်း၊ လိုအပ်ပါက အရည်အသွေးမြင့်သည့် စက်များရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနသာမက ပုဂ္ဂလိကစက်ရုံများကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း။

**သမဝါယမစနစ်ဖြင့်အကောင်အထည်ဖော်**

မွေးမြူရေးနှင့်ပတ်သက်၍ ဒေသန္တရမွေးမြူရေးကို စနစ်တကျဖြင့် မွေးမြူနိုင်အောင် ဦးစားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ အဆိုပါမွေးမြူရေးလုပ်ငန်းများကို သမဝါယမစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများ စနစ်တကျဖြစ်စေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထွက်ရှိလာသည့် ကုန်ကြမ်းများ အရည်အသွေး ကောင်းမွန်စေရေးအတွက်လည်း စုပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ငွေကုန်ကြေးကျအနည်းဆုံးနှင့် လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ဆွေးနွေးခဲ့သည့် သီးနှံတိုးချဲ့စိုက်ပျိုးရေး၊ ဆီထွက်သီးနှံနှင့်ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေး၊ နို့စားနွားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးတို့သည် တိုင်းပြည်အတွက် အရေးကြီးသည့်အချက်များပင်ဖြစ်ကြောင်း၊ နေကြာသီးနှံစိုက်ပျိုးရေးနှင့်ပတ်သက်၍လည်း အမျိုးသားရေးရည်မှန်းချက်တစ်ခုအဖြစ် သတ်မှတ်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ နို့ထွက်ပစ္စည်းလိုအပ်ချက်နှင့် ပတ်သက်၍ ပြည်တွင်းမှ ထွက်ရှိသည့်နို့များကို အဆင့်မြင့် နို့ထွက်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ နို့ထွက်ပစ္စည်းများ တင်သွင်းနေရမှုကို များစွာ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ လိုအပ်သည့် ကုန်ကြမ်းများ ရရှိအောင်ဆောင်ရွက်ရာတွင်လည်း ဒေသန္တရရှိပြီးဖြစ်သည့် မွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပြီး ကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်း၌ စားရေရိက္ခာများ ပေါများလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများကို တိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံအတွက် အဓိကလိုအပ်သည့် စားသုံးဆီနှင့် ဝါစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်သွားမည်ဆိုပါက အဆိုပါလုပ်ငန်းများနှင့် ဆက်စပ်လျက်ရှိသည့် စက်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများပါ တိုးတက်လာမည်ဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးဆောင်ရွက်ခဲ့သည်များမှ အရေးကြီးသည့် အချက်အလက်များကို အောက်ခြေအဆင့်အထိရောက်သည်အထိ အဆင့်ဆင့်အသိပေးဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ ရရှိအောင်ဆောင်ရွက်ခြင်း၊ စနစ်တကျစိုက်ပျိုးခြင်း၊ မွေးမြူခြင်းများကို ဆောင်ရွက်သွားကြစေလိုကြောင်း၊ ယနေ့တွင် ဆွေးနွေးခဲ့သည့် ကဏ္ဍအလိုက်ဖော်ထုတ်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဦးစားပေးအနေဖြင့် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးထံ UNOPS ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ်က ၎င်း၏ခန့်အပ်လွှာ ပေးအပ်

**နေပြည်တော် ဩဂုတ် ၆**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services–UNOPS) ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး (Country Director) နှင့် ကိုယ်စားလှယ် (Representative) အသစ် Ms. Sara Austin Netzer က ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံ၍ ၎င်း၏ ခန့်အပ်လွှာကို ပေးအပ်သည်။ **(ယာပုံ)**

ခန့်အပ်လွှာပေးအပ်သည့် အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၆**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

**မိုး/ဇလ**

## ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump နှင့်အဖွဲ့ကို လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၆**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump နှင့်အဖွဲ့ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ဝဲပုံ)**



**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် လာမည့်အောက်တိုဘာလအတွင်း ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေးအခြေအနေအရ ဒေသအချို့တွင် ရက်တိုးမြှင့်ကောက်ယူနိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်၊ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း၏ အရေးကြီးမှုနှင့် မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းအပေါ် လိုအပ်သည်များရှိပါက ထိုင်းနိုင်ငံမှ ပံ့ပိုးကူညီဆောင်ရွက်ပေးမည့်အခြေအနေ၊ ထိုင်းနိုင်ငံအတွင်းရှိ မြန်မာအလုပ်သမားများ တရားဝင်အလုပ်လုပ်ကိုင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးနေမှုနှင့် မြန်မာနိုင်ငံအတွင်း တရားမဝင်ရောက်ရှိနေသည့် ထိုင်းနိုင်ငံသားများအား ရှာဖွေကူညီ ဆောင်ရွက်ပေးနိုင်ရေးအခြေအနေ၊ နှစ်နိုင်ငံ နယ်စပ်ဒေသအပါအဝင် နှစ်နိုင်ငံပြည်သူများ တရားဝင် ဝင်/ထွက်သွားလာနိုင်ရေးနှင့် တရားမဝင် ဝင်/ထွက်မှုမရှိစေရေးအတွက် နှစ်နိုင်ငံ တာဝန်ရှိသူအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေးအခြေအနေ၊ နှစ်နိုင်ငံ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် Online ဂိမ်းများဖြင့် လိမ်လည်မှုများဆောင်ရွက်နေသူများကို ထိရောက်စွာတားဆီးကာကွယ်နိုင်ရေးအတွက် နှစ်နိုင်ငံလူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်း

နေပြည်တော်    ဩဂုတ်    ၆

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ်ထက်သန်စွာဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်နေကြပြီး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကိုယ်ကျိုးစွန့်၍ ကာကွယ်စောင့်ရှောက်ပေးနေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများက အလှူငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိသည်။**



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အလှူငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းစဉ်။

ထိုသို့ လှူဒါန်းနိုင်ရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စုပေါင်းချက်ပြုတ်ကျွေးလှော်ပြီး ထုပ်ပိုးပြင်ဆင်ဆောင်ရွက်မှုများကို ဩဂုတ် ၄ ရက် က ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် ဦးမင်းထွဋ်တို့က လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

**သွားရောက်ပေးပို့လှူဒါန်း**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အနေဖြင့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စုစုပေါင်း ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ ငါးနီတူခြောက်ကြော်ထုပ် ၁၁၅၀၊ ဗာလချောင်ကြော်ထုပ် ၁၀၀၀၊ ခေါက်ဆွဲခြောက်ထုပ် ၅၄၀၀၊ အမဲသားဘူး ၁၀၀၀၊ ငါးသေတ္တာဘူး ၁၀၀၀၊ ပဲဘူး ၁၀၆၀၊ ငါးပိထောင်းဘူး ၁၅၂၀၊ လက်ဖက်နှင့် အကြော်ထုပ် အထုပ် ၅၀၀၀ နှင့် ငွေသားကျပ်သိန်း ၁၅၀ တို့ကို ဩဂုတ် ၅ ရက်က ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဦးမင်းထွဋ်နှင့် ဌာနဆိုင်ရာအကြီးအကဲများက နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာသို့ သွားရောက်ပေးပို့လှူဒါန်းခဲ့သည်။

ထို့အတူ ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများကို ရှေ့တန်းစခန်းအသီးသီးသို့ ပေးပို့နိုင်ရေး စိတ်အားထက်သန်စွာ စုပေါင်းပြင်ဆင်ထုပ်ပိုးနေမှုကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဦးငွေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးခဲ့ကြသည်။

**မေတ္တာစာလွှာများရေးသား**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် နန်းမြိုင်ကော်ဖီမစ် အထုပ် ၃၀ ပါ အထုပ်ကြီး ၁၀၀၊ ရွှေဖီဦးလက်ဖက်ရည်အထုပ် ၃၀ ပါ အထုပ်ကြီး ၁၀၀၊ Calsome ကွေကာအထုပ် ၃၀ ပါ အထုပ်ကြီး ၂၀၀၊ ဆန်ပြုတ်အထုပ် ၉၀၀၊ ဆန်ကွတ်ကီး အထုတ် ၁၀၀၊ Lucky ဘီစကွတ် အထုပ် ၁၀၀၊ ခေါက်ဆွဲပြုတ် အထုပ် ၃၀ ပါ ပုံး ၁၀၀၊ ခေါက်ဆွဲဆီချက်အထုပ် ၃၀ ပါ ပုံး ၁၀၀၊ ခေါက်ဆွဲချဉ်စပ်အထုပ် ၃၀ ပါ ပုံး ၁၀၀၊ ငါးပိထောင်းထုပ် အထုပ် ၅၈၀၊ ပင်ပျိုရွက်နု လက်ဖက်အထုပ် ၁၀၀၊ ဇင်ချောင်းဟင်းရည်ထုပ် ၁၀ ပုံး၊ ပုဇွန်ခြောက် ငံပြာရည်ကြော်အထုပ် ၁၀၀၊ ဇလုံကြီးဟင်းအနှစ် အထုပ် ၂၅၀၀၊ တန်ဂိုချောကလက် အတောင့် ၁၀၀၊ Fun-O ချောကလက်ဝေဖာထုပ် ၁၀၀၊ Red Ruby စီးကရက်ဘူး အတောင့် ၁၀၀၊ သန်းခေါင်စာရင်းတီရှပ် အထည် ၁၀၀၀ နှင့် ဆေးမျိုးစုံတို့ကို ပေးပို့လှူဒါန်းနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားသော စိတ်ဓာတ်ဖြင့် ရှေ့တန်းစစ်မြေပြင်တွင် ရဲရဲဝံ့ဝံ့တိုက်ပွဲဝင်နေကြသည့် တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့များအား ကျန်းမာစေကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းစေကြောင်းနှင့် တရားသောစစ် အောင်မြင်ပါစေကြောင်း စိတ်ဓာတ်ခွန်အားဖြစ်စေမည့် ဆုတောင်းမေတ္တာစာလွှာများကိုလည်း ရေးသား ထည့်သွင်းပေးပို့ခဲ့ကြသည်။

ထိုနေ့ မွန်းလွဲပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက လှူဒါန်းသည့် စုစုပေါင်းငွေကျပ်သိန်း ၂၅၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာ ၁၉ မျိုးကို တာဝန်ရှိသူများ နေပြည်တော်တိုင်းစစ်ဌာနချုပ်သို့ သွားရောက်ပေးပို့ လှူဒါန်းခဲ့ကြသည်။

**လိုက်လံကြည့်ရှုအားပေး**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများကလည်း ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် စာနာမှု၊ စေတနာ၊ မေတ္တာအပြည့်ဖြင့် စုပေါင်းချက်ပြုတ်ကြော်လှော်ကြပြီး စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်နှင့် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျတို့က လိုက်လံကြည့်ရှုအားပေးကြသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးခြောက်ထောင်းကြော်၊ ငါးနီတူခြောက်ကြော်၊ အာပြဲခြောက်ကြော်၊ ပုစွန်ခြောက်ကြော်၊ အသင့်စားခေါက်ဆွဲခြောက်များ၊ ကွေကာအုပ်ထုပ်များ၊ ကော်ဖီမစ်ထုပ်များ၊ တီးမစ်ထုပ်များ၊ လက်ဖက်နှင့်အကြော်စုံများ၊ ဟင်းဘူးများ၊ ငါးသေတ္တာဘူးများ၊ ဇလုံကြီးဟင်းအနှစ်ထုပ်များ၊ ငါးပိထောင်းဘူးများ၊ မုန့်မျိုးစုံများ၊ ဓာတ်ဆားထုပ်များ၊ ဆေးဝါးများနှင့် ဆေးပေါ့လိပ်များ စုစုပေါင်း ငွေကျပ်သိန်း ၈၄ သိန်း တန်ဖိုးရှိပစ္စည်းများကို ပေးပို့လှူဒါန်းနိုင်ရေး ဝိုင်းဝန်းပြင်ဆင်ဆောင်ရွက်ခဲ့ကြပြီး စားသောက်ဖွယ်ရာများနှင့်အတူ "ရှေ့တန်းရောက် တပ်မတော်သားအားလုံး ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများ၏ ဂုဏ်ကျေးဇူးကြောင့် ကျန်းမာပါစေ၊ ဘေးအန္တရာယ်ကင်းရှင်းပါစေ"၊ "တရားသောစစ် အောင်မြင်ပါစေ"။ "တပ်မတော်သားများရဲ့အောင်မြင်မှု၊ ပြည်သူလူထုရဲ့ ငြိမ်းချမ်းမှုတွေကို စောင့်မျှော်လျက် တပ်မတော်သားများကို ချစ်တဲ့ပြည်သူတွေ အများကြီး ရှိနေပါတယ်"။ "တပ်မတော်သားများရဲ့ အောင်ပွဲဟာ ပြည်သူ့အောင်ပွဲပါ။ တပ်မတော်သားများ စစ်မြေပြင်မှ အန္တရာယ်ကင်းရှင်းစွာ အမြန်ဆုံးပြန်လာနိုင်ပါစေ" စသည့် ဆုတောင်းမေတ္တာစာလွှာများကို ထည့်သွင်းပေးပို့ခဲ့ကြသည်။

**စုပေါင်းချက်ပြုတ်ကြော်လှော်**

အလားတူ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေးအတွက် ဩဂုတ် ၄ ရက်က ဝန်ထမ်းမိသားစုများ စုပေါင်းချက်ပြုတ်ကြော်လှော် ပြင်ဆင်ဆောင်ရွက်ကြရာ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးကြသည်။

တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး မိသားစုများက ဗာလချောင်ကြော်၊ မြေပဲငံပြာရည်ကြော်၊ ငါးနီတူကြော်၊ ငါးသေတ္တာ၊ ကော်ဖီမစ်ထုပ်၊ အာလူးကြော်ထုပ်၊ စာကလေးချောင်းကြော်ထုပ်၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်၊ လက်ဖက်နှင့် ပဲကြော်ထုပ်၊ ကွတ်ကီးမုန့်မျိုးစုံ၊ Royal-D ဓာတ်ဆားထုပ်၊ ဒဏ်ကြေလိမ်းဆေးဘူးနှင့် အကိုက်အခဲပျောက်ဆေးများပါရှိသော အစားအသောက်နှင့် ဆေးဝါးပစ္စည်းများကို တပ်မတော်သား အယောက် ၁၀၀ အတွက် သဒ္ဓါတရားထက်သန်စွာ လှူဒါန်းပေးနိုင်ရေး *စာမျက်နှာ ၆ သို့*



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H. E. Mr. Mongkol Visitstump အား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများ၊ နိုင်ငံရေးပါတီများနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုများ၊ ရွေးကောက်ပွဲကျင်းပနိုင်ရေး ထိုင်းနိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးနိုင်မည့်အခြေအနေများ၊ နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်စပ်လျဉ်း၍ဆောင်ရွက်နေမှု၊ နိုင်ငံရေးပါတီများ တည်ထောင်ခွင့်၊ မှတ်ပုံတင်ခွင့်များ ခွင့်ပြုလျက်ရှိသည့် အခြေအနေနှင့် စိစစ်ဆောင်ရွက်နေသည့်အခြေအနေ၊ မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်နေမှုများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးနိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့်ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။**သတင်းစဉ်**



ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဝန်ထမ်းမိသားစုများက တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ချစ်ခင်စွာဖြင့် ဂုဏ်ပြုပေးအပ်ရန်အတွက် အစားအသောက်များ ချက်ပြုတ်နေစဉ်။

*စာမျက်နှာ ၅ မှ*

ဝိုင်းဝန်းပြင်ဆင် ဆောင်ရွက်ခဲ့ကြပြီး စားသောက်ဖွယ်ရာများနှင့်အတူ "တရားသောစစ် အောင်မြင်ပါစေ၊ ဘေးရန်ကင်းပြီး ကျန်းမာကြပါစေ" စသည့် ဆုတောင်းမေတ္တာစာများကို ထည့်သွင်းပေးပို့ခဲ့ကြသည်။

**ကျေးဇူးတင်စကားပြောကြား**

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံး ဝန်ထမ်းမိသားစုများနှင့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းတို့မှ ထည့်ဝင်လှူဒါန်းမှု ငွေသားကျပ်သိန်း ၆၀ နှင့် ပစ္စည်းတန်ဖိုးကျပ်သိန်း ၄၀ စုစုပေါင်း တန်ဖိုးကျပ်သိန်း ၁၀၀ ကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ဩဂုတ် ၅ ရက် ညနေပိုင်းတွင် သွားရောက်ပေးအပ်လှူဒါန်းရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ထို့အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဝန်ထမ်းမိသားစုများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် နှစ်ခုတွင် သင်တန်း တက်ရောက်လျက်ရှိသော သင်တန်းသား၊ သင်တန်းသူများက တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ချစ်ခင်စွာဖြင့် ဂုဏ်ပြုပေးအပ်ရန်အတွက် အစားအသောက်များ၊ အသုံးအဆောင်ပစ္စည်းများနှင့် ဝန်ထမ်းတစ်ဦးချင်း၏ ဂုဏ်ပြုအားပေးစာလွှာများ ထုပ်ပိုးပြင်ဆင်မှုကို နေပြည်တော်ရုံးအမှတ် (၁၇) နှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်နှစ်ခုတို့တွင် ဩဂုတ် ၄ ရက်နှင့် ၅ ရက်တို့တွင် ဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝန်ထမ်းမိသားစုနှင့် နိုင်ငံ့ဝန်ထမ်းသင်တန်းသားများက ငွေကျပ်သိန်း ၁၁၀ တန်ဖိုးရှိ ငါးနီတူငါးပိကြော်ဘူး ၅၀၀၊ ငါးနီတူခြောက်ကြော်ဘူး ၂၀၀၊ ငါးခြောက်ထောင်းကြော်ဘူး ၁၂၅ ဘူး၊ ပဲပုပ်ကြော်ဘူး ၂၀၀၊ အာဖြဲခြောက်ကြော်ဘူး ၄၀၀၊ ပုစွန်ငါးပိကြော်ဘူး ၂၀၀၊ စုစုပေါင်း ၁၆၂၅ ဘူးနှင့် အခြားအသုံးအဆောင်များကို ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား (၆)ခရိုင်နှင့် တက္ကသိုလ်များ အသက်(၂၀)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

**ပဲခူး ဩဂုတ် ၆**

၂၀၂၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား (၆)ခရိုင်နှင့် တက္ကသိုလ်များ အသက်(၂၀) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဩဂုတ် ၅ ရက် ညနေပိုင်းက ပဲခူးမြို့ ဟံသာဝတီယူနိုက်တက် ဘောလုံးကွင်း၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ တောင်ငူခရိုင်အမျိုးသမီးဘောလုံးအသင်းနှင့် ညောင်လေးပင်ခရိုင်အမျိုးသမီးဘောလုံးအသင်းတို့ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ ပွဲစဉ်တစ်လျှောက်နေရာအလိုက် အကောင်းဆုံးဆုရရှိသူများနှင့် အကောင်းဆုံးအားကစားသမားဆု ရရှိသူတို့ကို တိုင်းရင်းသားရေးရာဝန်ကြီးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က လည်းကောင်း၊ တတိယဆုရရှိသော ပြည်ခရိုင်အမျိုးသမီးဘောလုံးအသင်း၊ ဒုတိယဆုရရှိသော တောင်ငူခရိုင် အမျိုးသမီးဘောလုံးအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကို လူမှုရေးရာဝန်ကြီးနှင့် သယံဇာတရေးရာဝန်ကြီးတို့ကလည်းကောင်း၊ ပထမဆုရရှိသော ညောင်လေးပင်ခရိုင် အမျိုးသမီးဘောလုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပထမရရှိသော ညောင်လေးပင်ခရိုင် အမျိုးသမီးဘောလုံးအသင်းအား ပထမတံခွန်စိုက်ဆုဖလားနှင့် ငွေသားဆု ၁၀ သိန်းကျပ်တို့ကို ပေးအပ်ချီးမြှင့်သည်။ (ဝဲပုံ)

အဆိုပါ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၅ ရက် အထိ စုစုပေါင်းဘောလုံးအသင်း ကိုးသင်း ပါဝင်ကာ အုပ်စု သုံးအုပ်စုခွဲ၍ ပတ်လည်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရွှေတောင်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများအား ဂုဏ်ပြု

**ရွှေတောင် ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အခြေခံပညာနှင့် စက်မှုစိုက်ပျိုး မွေးမြူရေးအထက်တန်းကျောင်း ရတနာခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ရွှေတောင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်က တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများအား ဂုဏ်ပြုပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူ ခြောက်ဘာသာတစ်ဦး၊ ငါး ဘာသာတစ်ဦး၊ လေးဘာသာ သုံးဦး၊ သုံးဘာသာ သုံးဦး၊ နှစ်ဘာသာ ကိုးဦး၊ တစ်ဘာသာ ၁၉ ဦး စုစုပေါင်း ၃၆ ဦးနှင့် ခြောက်ဘာသာဂုဏ်ထူးရအောင် သင်ကြားပေးသောဆရာမများအား ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များကို ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် ပြည်ခရိုင် ပညာရေးမှူး ဒေါ်စန်းစန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။



**ကိုကိုမင်း(ပြန်/ဆက်)**

# တရားလွှတ်တော်ရှေ့နေများကောင်စီအစည်းအဝေး အမှတ်စဉ် ၂/၂၀၂၄ ကျင်းပ

**နေပြည်တော် ဩဂုတ် ၆**

တရားလွှတ်တော်ရှေ့နေများ ကောင်စီအစည်းအဝေး အမှတ်စဉ် ၂/၂၀၂၄ ကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း၊ Cluster – 1, တိုက်အမှတ် (၆) ရှိ တရားလွှတ်တော်ရှေ့နေများ ကောင်စီရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းခွင့်ပြုရန် လျှောက်ထားသည့် အထက်တန်းရှေ့နေ ၂၁၆ ဦးကို တရားလွှတ်တော်ရှေ့နေများ ကောင်စီက ကန့်ကွက်ရန် ရှိ/မရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သဘောထားတောင်းခံသည့်ကိစ္စ၊ ရှေ့နေကျင့်ဝတ်ဖောက်ဖျက်သည့် တရားလွှတ်တော်ရှေ့နေ ၃၃ ဦးအပေါ် တရားလွှတ်တော်ရှေ့နေများ ကောင်စီအက်ဥပဒေပုဒ်မ ၁၀ (၁)အရ ထိုက်သင့်သည့်အရေးယူမှုပြုလုပ်ရန် သင့်၊ မသင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သဘောထားတောင်းခံသည့်ကိစ္စ၊ တရားလွှတ်တော်ရှေ့နေတစ်ဦးက ဘဏ်ရှေ့နေခန့်ထားနိုင်ရေးအတွက် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံပေးနိုင်ရေး လျှောက်ထားသည့်ကိစ္စ၊ တရားလွှတ်တော်ရှေ့နေများကောင်စီ (မန္တလေး)ရုံးခွဲ ဖွင့်လှစ်ခဲ့သည့်ကိစ္စ၊ တရားလွှတ်တော်ရှေ့နေများ ကောင်စီ(နေပြည်တော်) ရုံးအဆောက်အဦး ဆောက်လုပ်ရန်ကိစ္စ၊ ၂၀၂၅ ခုနှစ် တရားလွှတ်တော်ရှေ့နေများကောင်စီ DIARY နှင့် Note Book ထုတ်ဝေရန် မျက်နှာဖုံး Design နှင့် ထည့်သွင်းလိုသည့်အချက်အလက်များကိစ္စ၊ ရန်ကုန်မြို့၊ မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသည့် ငွေစုအကောင့် SC – ၀၂၃၆၁၄ နှင့် CB – ၀၄၆၈၇ တို့ကို နေပြည်တော်သို့ ပြောင်းရွှေ့ရန်ကိစ္စ စသည့် ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ တရားလွှတ်တော်ရှေ့နေများ ကောင်စီဥက္ကဋ္ဌ ဒေါက်တာသီတာဦး ဦးဆောင်၍ တရားလွှတ်တော်ရှေ့နေများကောင်စီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမျိုးတင့်၊ တရားလွှတ်တော်ရှေ့နေများ ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးနှင့်ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ တရားလွှတ်တော်ရှေ့နေများကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ တရားလွှတ်တော်ရှေ့နေများ ကောင်စီဥက္ကဋ္ဌ ဒေါက်တာသီတာဦး ဦးဆောင်၍ တရားလွှတ်တော်ရှေ့နေများ ကောင်စီအစည်းအဝေး အမှတ်စဉ် ၂/၂၀၂၄ ကျင်းပစဉ်။

# လူငယ်များ ကာယ၊ ဉာဏ စွမ်းရည်မြင့်မားစေရန်အတွက် စာပေလေ့လာဖတ်ရှုလိုသော အလေ့အကျင့်ကောင်းများရရှိစေရန် အလေးထား

**စစ်တွေ ဩဂုတ် ၆**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရိန်မြင့်တင်ရေးလှုပ်ရှားမှုအဖြစ် စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၅ ရက်က စစ်တွေမြို့ အမှတ် (၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး တက်ရောက်အားပေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အနေဖြင့် လူငယ်များကာယ၊ ဉာဏစွမ်းရည်မြင့်မားစေရန်၊ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စာပေလေ့လာဖတ်ရှုလိုသော အလေ့အကျင့်ကောင်းများ ရရှိစေရန်အပါအဝင် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ ဖတ်ရှုသိရှိထားသော အသိပညာ၊ ဗဟုသုတများကိုပြန်လည်ဟောပြောပေးခြင်း၊ ဆွေးနွေးခြင်းများကို ဆောင်ရွက်မှသာလျှင် ပညာပြန့်ပွားမှုအကျိုးကို ခံစားရမည်ဖြစ်သည့်အတွက် ဆရာ ဆရာမများ၊ မိဘများ၊ ကျောင်းသား ကျောင်းသူများက ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။



ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ဆွေးနွေးပွဲတွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြ ဆရာမဒေါ်နုမြသန္တာက ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ဆွေးနွေးပြီး အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ Grade–11 ကျောင်းသားမောင်ကောင်းခန့်ဇံက လူငယ်နှင့်အားကစား၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ Grade –12 ကျောင်းသူမမျိုးသန္တာခင်က လူငယ်နှင့်မူးယစ်ဆေးဝါး၊ အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်းမှ Grade–12 ကျောင်းသားမောင်ကျော်စိုးက လူငယ်နှင့်စာပေ၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ Grade–11 ကျောင်းသူမဖြိုးသန္တာထွန်းက လူငယ်နှင့် ကျန်းမာရေး စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းဆွေးနွေးကြရာ ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြသည့် ကျောင်းသား ကျောင်းသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းရှိ မဟာပညာကျော်စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများ စာပေလေ့လာဖတ်ရှုနေမှုကိုကြည့်ရှုကာ ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းခဲ့သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဉာဏပြိုင်ပွဲများဖြစ်သော အရုပ်ဆက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **တင်ထွန်း (ပြန်/ဆက်)**

# မြို့သစ်မြို့၌ ကျောင်းကျန်းမာရေး သီတင်းပတ် အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပ

**မြို့သစ် ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျောင်း ကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ်အဖြစ် အစာအုပ်စု သုံးအုပ်စု ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် ကျန်းမာရေးဆိုင်ရာ မေးခွန်း ၁၀၀ ပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ် (၂) အခြေခံပညာအထက်တန်း ကျောင်းများ၌ ကျင်းပသည်။

ဆေးရောင်ခြယ်ပြိုင်ပွဲတွင် အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်းမူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၀၃ ဦးနှင့် ကျန်းမာရေးဆိုင်ရာမေးခွန်း ၁၀၀ ဖြေဆိုသူ ၁၃၂ ဦးနှင့် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျန်းမာရေးဆိုင်ရာ မေးခွန်း ၁၀၀ ပြိုင်ပွဲ ဝင်ရောက်ဖြေဆိုသူ ၉၃ ဦးနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲဖြေဆိုသူ ၈၂ ဦး စုစုပေါင်းကျောင်းသား ကျောင်းသူ ၄၁၀ ဦးတို့က ဝင်ရောက်ဖြေဆိုယှဉ်ပြိုင်ခဲ့ကြသည်။



အခမ်းအနားသို့ မြို့သစ်မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်မျိုးဇော်နှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ဆရာ ဆရာမများက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုဇော် (ပြန်/ဆက်)**

# ပဲခူးမြို့နယ်အတွင်း အသက် ၁၈ နှစ်နှင့်အထက် (စတုတ္ထအကြိမ်မူကြမ်း)စာရင်းစစ်ဆေး

**ပဲခူး ဩဂုတ် ၆**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ဦးစီးမှူးရုံးမှ ဩဂုတ်လအတွင်း ဆောင်ရွက်ရမည့် အသက် ၁၈ နှစ်နှင့်အထက် (စတုတ္ထအကြိမ်) စာရင်းများ စစ်ဆေးခြင်းနှင့် ကွန်ပျူတာဖြင့် စာရင်းများ ထည့်သွင်းဆောင် ရွက်ထားရှိခြင်း လုပ်ငန်းများကို ဇွန် ၂၀ ရက်မှ စတင်၍ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စာရင်းစစ်ဆေးခြင်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးမြို့နယ် ဦးစီးမှူးရုံးတို့မှ ဝန်ထမ်းများပူးပေါင်းကာ စာရင်းများ မှားယွင်းမှုမရှိစေရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သက်ထက်**



**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# MNDAA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း အသင်းအဖွဲ့များမှ သဘောထားများ ထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၆**

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့တွင် စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံနှင့် ရပ်ကွက်အတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် ဒေသခံပြည်သူအချို့မှာလည်း ယာယီနေရပ်စွန့်ခွာနေရကြောင်း သိရှိရသည်။

ယခုကဲ့သို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှု (War Crime) မြောက်သည့် လူမဆန်စွာရက်စက်ယုတ်မာရိုင်းစိုင်းသော အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ကရင်ပြည်နယ်)၊ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆေးဝါးနှင့်ဆေးပစ္စည်းထုတ်လုပ်သူများအသင်းနှင့် မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့က သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ကရင်ပြည်နယ်)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပတ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များထိခိုက်သေဆုံးခဲ့ရပြီးအချို့ကိုလည်းမတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

၂။ ထို့အပြင် အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သည့် လားရှိုးမြို့အတွင်း ရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှလည်း နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်နေရ၍ လူမှုစီးပွားဘဝများ ဆုံးရှုံးရလျက်ရှိကြောင်း သိရှိရပါသည်။

၃။ ထိုသို့ အကြမ်းဖက်သောင်းကျန်းသူ MNDAA အဖွဲ့မှ စစ်ရေးနှင့်မသက်ဆိုင်သည့်ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများ ဆေးရုံတက်ရောက်ကုသနေသည့် ဆေးရုံအား အကြမ်းဖက်တိုက်ခိုက်ခြင်း၊ လူနေရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် တိုက်ခိုက်ခြင်းနှင့် သာသနိကအဆောက်အဦများ စစ်ရေးအတွက် အသုံးပြုနေခြင်းများကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ကရင်ပြည်နယ် )က လုံးဝလက်မခံပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ကရင်ပြည်နယ်)

## မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းနှင့်သစ်လုပ်ငန်းရှင်များအသင်း၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၆) ရက်

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လာရှိုးမြို့အတွင်း MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အနေဖြင့် တိုက်ပွဲများဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက်၍ ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရပါသည်။

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် စစ်ရေးနှင့်မသက်ဆိုင်သည့် လားရှိုးမြို့တွင်း ရပ်ကွက်များသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးမှုများရှိခဲ့ပြီး ကျန်ရှိသည့် ဒေသခံပြည်သူများမှာလည်း ယာယီနေရပ်စွန့်ခွာဒုက္ခရောက်နေရကြောင်းသိရသဖြင့် ကိုယ်ချင်းစာနာစိတ်ဖြင့် များစွာခံစားရပါသည်။

ထိုသို့ MNDAAအကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ ဆေးရုံများ၊ လူနေရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းသည် လူသားချင်းစာနာထောက်ထားမှုမရှိသည့် အကြမ်းဖက်လုပ်ရပ်များဖြစ်ခြင်းကြောင့် လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ဤကဲ့သို့သော လုပ်ဆောင်မှုများကို ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းနှင့်
သစ်လုပ်ငန်းရှင်များအသင်း

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် သတင်းထုတ်ပြန်ချက် အမှတ် (၉/၂၀၂၄)

၁။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် (၃)တွင် "လူတိုင်းတွင် အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံမှုရခွင့်ရှိသည်" ဟု ဖော်ပြထားရှိပါသည်။ အသက်ရှင်သန်ခွင့်သည် လူသားအားလုံး၏ မွေးရာပါ ရရှိခံစားခွင့်ရှိသော အရေးကြီးသည့် မူလအခြေခံ အခွင့်အရေးဖြစ်ပြီး မည်သည့်အခြေအနေ၊ အချိန်အခါတွင်မဆို မည်သည့်အကြောင်းရင်းနှင့်မျှ ဖယ်ရှားနုတ်ပယ်၍မရသော အခွင့်အရေးဖြစ်သည်။

၂။ ယနေ့အချိန်တွင် ကမ္ဘာပေါ်၌ လူသားများ၏ အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံမှုတို့ကို ထိခိုက်စေသော အကြောင်းအရာများစွာ ဖြစ်ပေါ်နေပြီး မြန်မာနိုင်ငံတွင်လည်း သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့နေရသည့်အပြင် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကို မျက်ကွယ်ပြုကာ ပယောဂအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာသော အကြမ်းဖက်တိုက်ခိုက်မှုများနှင့် လက်နက် ကိုင်ပဋိပက္ခများကြောင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးနေကြရကြောင်းနှင့် နေရပ်ဒေသများကို စွန့်ခွာတိမ်းရှောင်နေကြရကြောင်း ကြားသိရပြီး ကျန်ရှိနေကြသည့် ပြည်သူများလည်းရှိကြောင်း သိရှိရပါသည်။

၃။ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားရာ ဒေသများတွင် ကျန်ရှိနေကြသည့် ပြည်သူများနှင့် နေရပ်စွန့်ခွာပြည်သူများသည် အသက်ရှင်သန်ခွင့်အပါအဝင် စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူပုဂ္ဂိုလ်လုံခြုံခွင့် စသည့်မူလအခြေခံအခွင့်အရေးများစွာ ထိပါးဆုံးရှုံးလျက်ရှိပါသည်။

၄။ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသော ဆေးရုံဆေးပေးခန်းများ၊ ပညာသင်ကြားပေးလျက်ရှိသော စာသင်ကျောင်းများ၊ ဘာသာရေး အဆောက်အဦများ၊ လူနေအိမ်များကို တိုက်ခိုက်ခြင်းမပြုကြရန် လိုအပ်ပါသည်။ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခများသည် တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးတို့နှင့် ဆန့်ကျင်နေပါသည်။

၅။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့ဖော်ဆောင်နိုင်ရန် ကုလသမဂ္ဂမှ ထုတ်ပြန်ထားသည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များနှင့် ပြည်တွင်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ထိရှလွယ်အုပ်စုများအပါအဝင် အပြစ်မဲ့ပြည်သူများ၏ အသက်ရှင်သန်ခွင့်နှင့် လုံခြုံခွင့်တို့ကို အလေးအနက်ထားဝိုင်းဝန်းစောင့်ရှောက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်

## မြန်မာနိုင်ငံဆေးဝါးနှင့်ဆေးပစ္စည်း ထုတ်လုပ်သူများအသင်း၏သဘောထား ထုတ်ပြန်ကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း MNDAA သောင်းကျန်သူအဖွဲ့အနေဖြင့် တိုက်ပွဲများ ဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသော လူနာများနှင့် ဆေးရုံရှိတာဝန်ရှိသူများ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို မတရားဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ဘေးကင်းသော ကျန်းမာရေးစောင့်ရှောက်မှုကို မည်သည့်အရပ်ဒေသ၊ မည်သည့်အခြေအနေတွင်မဆို ရယူခွင့်ရှိရပါမည်။

ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ဆေးရုံကို လက်နက်ဖြင့်ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်း၊ လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများ ထိခိုက်သေဆုံးမှုဖြစ်စေခြင်း စသည်တို့အား မြန်မာနိုင်ငံဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သူများ အသင်းအနေဖြင့် လုံးဝဆန့်ကျင်ကန့်ကွက်ပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဆေးဝါးနှင့်ဆေးပစ္စည်းထုတ်လုပ်သူများအသင်း

## မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း၏ သဘောထားထုတ်ပြန်ကြေညာချက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တိုက်ပွဲများ ဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရကြောင်း ဝမ်းနည်းစွာကြားသိရပါသည်။

ပြည်သူလူထုအနေဖြင့် မည်သည့်နေရာဒေသ၊ မည်သည့်အခြေအနေတွင်မဆို ဘေးကင်းသော ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိခံစားရမည်ဖြစ်ပါသည်။ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့်ဆေးရုံကို တိုက်ခိုက်ခြင်းနှင့် လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအား ထိခိုက်မှုဖြစ်စေခြင်းတို့အား မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းက ဆန့်ကျင်ကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း

**သစ်ပင်နည်းလာ၊ တို့ကမ္ဘာ လွန်စွာပူအေး၊ ဥတုဘေး။**



MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ လူမဆန်သော ရက်စက်ယုတ်မာသည့် လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချပွဲ နေပြည်တော်၌ ပြုလုပ်စဉ်။



MNDAA အကြမ်းဖက်သောင်းကျန်း သူအဖွဲ့၏ လူမဆန်သော ရက်စက်ယုတ်မာသည့် လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချပွဲ ကျောက်တံတားမြို့နယ် ဗန္ဓုလကျောက်တိုင် ကားရပ်နားကွင်း၌ ပြုလုပ်စဉ်။

# အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ၏ အပြစ်မဲ့ပြည်သူများအပေါ် လူမဆန်သောလုပ်ရပ်များနှင့်ပတ်သက်၍ ကန့်ကွက်ရှုတ်ချပွဲများပြုလုပ်

**နေပြည်တော် ဩဂုတ် ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံအား ဝင်ရောက်စီးနင်းတိုက်ခိုက်ပြီး ဆေးရုံမှ ဆရာဝန်၊ သူနာပြု၊ ဆေးကုသမှုခံယူနေရသည့် အမျိုးသမီးများ၊ ကလေးငယ်များအပါအဝင် အပြစ်မဲ့ ပြည်သူများအား အစုလိုက်အပြုံလိုက် ရက်စက်စွာ သတ်ဖြတ်၍ အချို့လူနာများအား အဓမ္မဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည့် MNDAA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့၏ လူမဆန်သော ရက်စက် ယုတ်မာသည့် လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချပွဲကို ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိ မြို့နယ် သပြေကုန်းရပ်ကွက် မြို့တော်ခန်းမရှေ့ ၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် မြို့တော်ခန်းမရှေ့ရှိ ဗန္ဓုလ ကျောက်တိုင် ကားရပ်နားကွင်း၌လည်းကောင်း ကျင်းပပြုလုပ်ကြသည်။

ဦးစွာ ရှုတ်ချပွဲတက်ရောက်လာသည့် ရဟန်း ပြည်သူပရိသတ်အပေါင်းတို့က "ပြည်ဖျက်မိစ္ဆာ အကြမ်းဖက်အဖွဲ့များကို အမြစ်ဖြတ်ချေမှုန်းပေးပါ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဒေသခံပြည်သူ အတိဒုက္ခရောက်အောင် လုပ်ဆောင်နေသော MNDAA၊ TNLA၊ AA၊ PDF အကြမ်းဖက်အဖွဲ့များအား ပြတ်သားစွာ နှိမ်နင်းဆောင်ရွက်ပေးပါ၊ အပြစ်မဲ့အရပ်သား ပြည်သူများအား အစုလိုက် အပြုံလိုက်သတ်ဖြတ်ခဲ့သော လူမဆန်သည့် လုပ်ရပ်အား ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချသည်၊ တိုင်းပြည်နှင့်လူမျိုးအတွက် အသက်ခန္ဓာစွန့်၍ တိုက်ပွဲဝင်နေသော တပ်မတော်သား၊ ရဲတပ်ဖွဲ့ဝင်၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအား ဦးညွှတ်ဂုဏ်ပြုပါသည်၊ A righteous War Must be Won Eradicate all Subversives" စသည့် ဗီနိုင်းများ ကိုင်ဆောင်၍ သတ်မှတ်နေရာအသီးသီး တွင် နေရာယူကြသည်။

ထို့နောက် နိုင်ငံတော်အလံအား အလေးပြုကြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းကို စုပေါင်းသီဆိုကြသည်။

ဆက်လက်၍ အကြမ်းဖက်လုပ်ရပ်များကို မလိုလားသူများကိုယ်စား တာဝန်ရှိသူများက အပြစ်မဲ့ ပြည်သူများအား ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ လူမဆန်သောလုပ်ရပ်များအား ကန့်ကွက်ရှုတ်ချမှုနှင့်ပတ်သက်၍ ဟောပြောဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး၊ အကြမ်းဖက် MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် ပူးပေါင်းအဖွဲ့ အစည်းများ အလိုမရှိ၊ အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း ချက်ချင်းရပ်၊ စစ်ရေးပစ်မှတ်မဟုတ် သော အများပြည်သူနေရာများအား ပစ်ခတ်ခြင်း ချက်ချင်းရပ်၊ MNDAA ၏ လူမဆန်သော ရက်စက် ယုတ်မာမှုများ ချက်ချင်းရပ်၊ နိုင်ငံတော်၏ ကျေးဇူး သစ္စာကို ဖောက်ဖျက်နေသည့် အကြမ်းဖက်အဖွဲ့များ အား ဆန့်ကျင်ကြ၊ လူ့အခွင့်အရေးများအားချိုးဖောက် နေသော အကြမ်းဖက်အဖွဲ့များအား ဆန့်ကျင်ကြ၊ မြန်မာ့တပ်မတော်၏ တရားသောစစ် အောင်ရမည် စသည့်ကြွေးကြော်သံများ ကြွေးကြော်ခြင်း၊ ဇာတိ မာန်သီချင်း သံပြိုင်သီဆိုခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်၍ ကန့်ကွက်ရှုတ်ချခြင်းကို ရပ်သိမ်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## သံတောင်ကြီးမြို့၌ မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် မြေပြိုမှုများ ဆက်လက်ဖြစ်ပေါ်

**သံတောင်ကြီး ဩဂုတ် ၆**

ကရင်ပြည်နယ် သံတောင်ကြီးမြို့သည် တောင်ပေါ်ဒေသမြို့ဖြစ်သည့်အားလျော်စွာ မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် ယမန်နေ့ ညပိုင်းတွင် မြေပြိုမှုများ ဆက်လက် ဖြစ်ပေါ်နေကြောင်း သိရသည်။

မြေပြိုမှုများကြောင့် သံတောင်ကြီးမြို့ အမှတ်(၄)ရပ်ကွက် ဦးစောညွှန့်ဝေ၏ နေအိမ်အဆောက်အအုံ တစ်ခြမ်းနှင့် ဒေါ်နော်ဟဲမာမူ၏ နေအိမ်တစ်ခြမ်း ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ မြေပြိုမှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့သော နေအိမ်များမှ မိသားစုဝင်များသည် ဆွေမျိုးများ နေအိမ်သို့ ပြောင်းရွှေ့နေထိုင်လျက်ရှိပြီး ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့နှင့် အများပြည်သူများက အပျက်အစီးများကို ရှင်းလင်းရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ပွင့်ဖြူမြို့နယ်၌ ရေဝတီမြစ်ရေကျဆင်းသဖြင့် စာသင်ကျောင်းသုံးကျောင်း ပြန်ဖွင့်

**ပွင့်ဖြူ ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ရေဝတီမြစ်ရေကျဆင်းသဖြင့် စာသင်ကျောင်း သုံးကျောင်းကို ဩဂုတ် ၆ ရက်နံနက်ပိုင်းက ပြန်လည်ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ဇူလိုင် ၂၅ ရက်မှ ယနေ့အထိ စာသင်ကျောင်း ၂၆ ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ ပွင့်ဖြူမြို့နယ်၌ ရေဝတီမြစ်ရေ မြင့်တက်မှုကြောင့် ရေဝင်ရောက်ခဲ့သည့် စာသင်ကျောင်း ၃၀ ရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ရေဘေးအန္တရာယ် ကင်းဝေးစေရန်အတွက် ယာယီပိတ်ထားခဲ့ခြင်းဖြစ်သည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

## ရေဝတီမြစ်ကမ်းပါးပြိုကျမှုကြောင့် ပြောင်းရွှေ့အိမ်ထောင်စုများအား ထောက်ပံ့

**ရွှေတောင် ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် စကားမြားကျေးရွာ၌ ရေဝတီမြစ်ရေတိုက်စား၍ ကမ်းပါးပြိုကျမှုကြောင့် ပြောင်းရွှေ့နေထိုင်သည့် အိမ်ထောင်စု ၂၃ စုတို့အား ယမန်နေ့က ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ချိုနှင့် အဖွဲ့ဝင်များက အိမ်ထောင်စုတစ်စုလျှင် ပြောင်းရွှေ့စရိတ် တစ်သိန်းနှုန်းဖြင့် ငွေကျပ် ၂၃ သိန်းနှင့် လူဦးရေ ၇၉ ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ ငွေကျပ် ၁၆၅၉၀၀ စုစုပေါင်း ငွေကျပ် ၂၄၆၅၉၀၀ ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကဝမြို့နယ်၌ ယာယီရေဘေးရှောင်စခန်း ၁၀ ခုရှိ ပြည်သူများအား ဆန်ရိက္ခာဖိုးထောက်ပံ့

**ကဝ ဩဂုတ် ၆**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်၌ ရေကြီးမှုကြောင့် ယာယီကယ်ဆယ်ရေးစခန်း ၁၀ ခုသို့ ပြောင်းရွှေ့နေထိုင်သူများအား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုးငွေများ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါရေကြီးမှုကြောင့် နဘဲပင်ကျေးရွာအုပ်စု၊ အုန်းနဲ့ကျေးရွာအုပ်စု၊ သက္ကလမြို့နှင့် သာယာကုန်းကျေးရွာအုပ်စုတို့မှ အိမ်ထောင်စု ၃၁၉ စု လူဦးရေ ၁၂၈၆ ဦးတို့သည် ယာယီကယ်ဆယ်ရေးစခန်း ၁၀ ခုသို့ ပြောင်းရွှေ့ခဲ့ရသည်။ ရေဘေးသင့်ပြည်သူများအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုး တစ်ဦးလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် ၁၂၈၆ ဦးအတွက် ငွေကျပ် ၂၇၀၀၆၀၀ ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## စေတုတ္တရာမြို့နယ်၌ တောင်ကျရေဝင်ရောက်သည့် ရေတွင်း၊ ရေကန်များ သန့်ရှင်းရေးဆောင်ရွက်

**စေတုတ္တရာ ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျချောင်းရေလျှံမှုကြောင့် ရေဝင်ခဲ့သည့် ရေတွင်း၊ ရေကန်များကို ကလိုရင်းဆေးခတ်ခြင်း၊ ပိုးလောက်လမ်းစစ်ဆေးခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများကို ယမန်နေ့က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်သည်။

တောင်ကျချောင်းရေလျှံမှုကြောင့် ရေဝင်ခဲ့သည့် မြို့ပေါ်ရပ်ကွက်များရှိ ရေတွင်း၊ ရေကန်များကို ရေပြန်ကျချိန်တွင် သောက်သုံးရေ သန့်ရှင်းရေးအတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသရေးဦးစီးဌာနမှူးနှင့် ကြီးကြပ်(၂) သင်တန်းသားသင်တန်းသူများက လက်တွေ့ကွင်းဆင်း ဆောင်ရွက်ခြင်းဖြစ်ကာ ကျန်ရှိသည့် ကျေးရွာများတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ (၁/၂၀၂၄)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၆**

အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီ၏ (၁/၂၀၂၄) လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တက်ရောက်အမှာစကား ပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဇူလိုင်လမှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ရေများကြီးမြင့်လာပြီး ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် ရေကြီးနစ်မြုပ်ခဲ့မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အချို့ဒေသများတွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ယခုကဲ့သို့ သဘာဝဘေးကြောင့် ရေကြီးနစ်မြုပ်ဧရိယာများတွင် ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ ရေသန့်စင်စက်များဖြင့် ရေဖြန့်ဝေခြင်း၊ ရေသန့်ဆေးပြားများ၊ ဆေးထုပ်များ ဖြန့်ဝေခြင်း၊ ကလိုရင်းဆေးခတ်ခြင်း စသည့်လုပ်ငန်းများအပြင် ကော်မတီဝင်အခြားဌာနများကလည်း သဘာဝဘေးကယ်ဆယ်ရေး လုပ်ငန်းများကို တတ်နိုင်သမျှ ဆောင်ရွက်ပေးနေသည် တွေ့ရပါကြောင်း။

ထို့ပြင် အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရာတွင် ပျက်စီးဆုံးရှုံးခဲ့သည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက် သီးနှံမျိုးစေ့များနှင့် သွင်းအားစုများ ထောက်ပံ့ပေးနိုင်မှု၊ မွေးမြူရေးလုပ်ငန်းများအတွက် တိရစ္ဆာန်ရောဂါ ကာကွယ်ဆေးဝါး၊ တိရစ္ဆာန်အစာ ထောက်ပံ့ပေးနိုင်မှု၊ ငါး၊ ပုစွန်သားပေါက်များ ဖြန့်ဖြူးထောက်ပံ့ပေးမည့် အစီအစဉ်များ၊ စားရေရိက္ခာအတွက် အရန်ဆန်ထောက်ပံ့ကူညီ ဆောင်ရွက်ပေးနိုင်မှု၊ ကူညီကယ်ဆယ်ထောက်ပံ့ပေးခဲ့မှုအခြေအနေများနှင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလုပ်ငန်းများနှင့် ပတ်သက်၍ ရေတို၊ ရေရှည်ဆောင်ရွက်ပေးမည့်အစီအစဉ်များကို ကော်မတီဝင်များအနေဖြင့် ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။



ဆက်လက်၍ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်နှင့် ကော်မတီဝင်ဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ဌာနအလိုက် လက်ရှိဘဏ္ဍာရေးနှစ်တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ လျာထားနိုင်မှု၊ ရေရှားပါးကျေးရွာများအတွက် ရေဖြန့်ဝေပေးနိုင်မှု၊ လတ်တလော ဖြစ်ပေါ်နေသည့် ရေကြီးနစ်မြုပ် ဒေသများတွင် ဆောင်ရွက်ပေးနေမှု၊ ရေကြီးနစ်မြုပ်ဒေသများတွင် ထိခိုက်ပျက်စီးမှု ကွင်းဆင်းစစ်ဆေးဆောင်ရွက်ထားမှု ၊ အရန်မျိုးစပါးစုဆောင်းထားရှိမှု၊ ကြိုတင်ပျိုးထောင်ထားရှိမှု၊ အစားထိုးသီးနှံစိုက်ပျိုးရန် လျာထားမှု၊ တိရစ္ဆာန်ကာကွယ်ဆေးထိုးမည့် အစီအစဉ်များ၊ ပညာပေးဆောင်ရွက်ရန် စီစဉ်ထားရှိမှုများ၊ ပြန်လည်ထူထောင်ရေးအတွက် ဆက်လက် ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ပျက်စီးသွားသော လယ်မြေများ အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေး လိုအပ်သည့်မျိုးနှင့် သွင်းအားစုများ ပံ့ပိုးနိုင်ရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အမြန်ဆုံး ပြန်လည်ထူထောင်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးရန်နှင့် ဆောင်ရွက်ပြီးလုပ်ငန်းများ ပြန်လည်သုံးသပ်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအတွင်း ရေဘေးကာကွယ်ရေးတာများနှင့် ရေတံခါးများ စစ်ဆေး

**နေပြည်တော် ဩဂုတ် ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးအတွင်း ဇူလိုင် ၁၉ ရက်မှစတင်၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စစ်တောင်းမြစ် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ဒိုက်ဦး – ညောင်ခါးရှည် ဗျူဟာလမ်းဘေးဝဲယာနှင့် ကောလိယ – နဂါးပေါက် ဆက်သွယ်မြောင်း၊ ခမုံမြစ်ကျိုးဖြတ်မြောင်း၊ ကျိုက်ထော် – ပလိုင်းဖြတ်မြောင်းတို့မှ ရေထုတ်နုတ်နိုင်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝေါမြို့နယ် ပဲခူး – စစ်တောင်းတူးမြောင်းတွင် တည်ဆောက်ထားသော အကျယ်ပေ ၃၀၊ အမြင့် ၂၂ ပေရှိ မြစ်ကျိုးရေတံခါးကြွခိုင်မှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ပဲခူး – စစ်တောင်းတူးမြောင်းတာ ကျိုးပေါက်မှုမရှိစေရေးနှင့် ရေလွှမ်းရေမြုပ်မှုများ လျော့ကျသွားပါက သီးနှံများ အမြန်ဆုံးပြန်လည်စိုက်ပျိုးနိုင်ရေး၊ အရန်မျိုးစပါး စုဆောင်းထားရှိရေး ၊ ပျိုးထောင်စိုက်ပျိုးနိုင်ရေးနှင့် ပြန်လည်စိုက်ပျိုးရန် မြေနေရာများ ကြိုတင်တွက်ချက်ခြင်းကို ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။



ဆက်လက်၍ ပဲခူး၊ သနပ်ပင်နှင့် ကဝမြို့နယ်များကို ပြွန်တန်ဆာ – ဒိုက်ဦးလွင်ပြင်မှ စီးဆင်းလာသည့် ချောင်းနှင့် ကွင်းရေများ၏ ရေဘေးအန္တရာယ်နှင့် စစ်တောင်းမြစ်ရေ မြင့်တက်လာမှုကို ကာကွယ်ထားသည့် ပုကိုင်တာကို ကာကွယ်ထိန်းသိမ်းထားရှိမှု၊ ရေကင်းများတာဝန်ချထားမှု၊ အရေးပေါ်ပစ္စည်းများ ကြိုတင်စုဆောင်းမှု၊ စက်ယန္တရားများ အလွယ်တကူ ရွှေ့ပြောင်းနိုင်ရေး စီစဉ်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာတမံတောင့်တင်းခိုင်မာရေးအတွက် ဆောင်ရွက်ရန်လိုအပ်မည့် လုပ်ငန်းများနှင့် မိုးရာသီကာလပြီးဆုံးပါက ပဲခူးရိုးမအရှေ့ဘက်ခြမ်းရှိ ဘိုင်းဒါးနှင့် ကောလိယတမံများမှ ပိုလျှံရေများကို ပုကိုင်တာရေသွင်းတံခါးမှတစ်ဆင့် ပဲခူး–စစ်တောင်းတူးမြောင်းအတွင်းသို့ စိုက်ပျိုးရေပေးသွင်းရန်ကိစ္စရပ်များ၊ ပုကိုင်တာ ရေရှည်ကြံ့ခိုင်ရေးနှင့် တာတမံများကြံ့ခိုင်ရေးအတွက် လိုအပ်ပါက သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဌာနများနှင့် ရပ်ကွက်ကျေးရွာများမှ အစုအဖွဲ့များဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပုကိုင်တာသည် အလျား ၁၇/၄ မိုင် ရှည်လျားပြီး တာထိပ်အမြင့် ပျမ်းမျှ ၁၂ ပေ နှင့် ထိပ်မျက်နှာပြင်အကျယ် ပျမ်းမျှ ၁၀ ပေရှိကာ စစ်တောင်းမြစ်ရေနှင့် ပြွန်တန်ဆာလွင်ပြင်မှ စီးဝင်မြင့်တက်လာသည့်ရေများကို ကာကွယ်ဧရိယာအတွင်း ဝင်ရောက်ခြင်းမရှိစေရန် ကာရံတည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# (၂၅ ) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ခရိုင်အဆင့်) ဖွင့်ပွဲအခမ်းအနားကျင်းပ

**ပြင်ဦးလွင် ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်တွင် ၂၀၂၄ ခုနှစ် (၂၅ ) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ခရိုင်အဆင့် ) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၅)ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။



အဆိုပါ ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဒုတိယရဲမှူးကြီး ဝဏ္ဏစိုးအောင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ၊ အဖွဲ့ဝင် ဦးစိုင်းအောင်ကြည်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့် ခရိုင်ပညာရေးမှူး (တာဝန်ခံ) ဦးခင်မောင်တိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည် ။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်ဦးက အမှာစကား ပြောကြားပြီး ပြင်ဦးလွင်မြို့နယ် သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးအောင်မင်း( ဒိုင်ချုပ်) က ဒိုင်အဖွဲ့ကိုယ်စားပြိုင်ပွဲ အမှတ်ပေးစည်းမျဉ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ခရိုင်အဆင့်)တွင် ကဗျာလွတ်အက ၁၈ ဦး တစ်ဖွဲ့၊ ကျေးလက်အက ၂၀ ဦး နှစ်ဖွဲ့၊ အဆို ၄၂ ဦး၊ တစ်ပင်တိုင်အက ၇၁ ဦး၊ အရေး နှစ်ဦး၊ အတီး နှစ်ဦး၊ စုစုပေါင်း ၁၁၇ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ဆုရရှိသော ပြိုင်ပွဲဝင်များကို ဆုများထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**



တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဩဂုတ် ၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်း၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ထက်နောင်က ပျဉ်းကတိုးပျိုးပင်ကို စတင်စိုက်ပျိုးပေးပြီး မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက သတ်မှတ်ထားသောနေရာများ၌ ပျိုးပင်အမျိုးအစား လေးမျိုး စုစုပေါင်းပျိုးပင် ၁၆၀ စုပေါင်းစိုက်ပျိုးကြစဉ်။ ငွေဇင်ယော်(ထားဝယ်)

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက် ဂုဏ်ပြုပေးအပ်



**နေပြည်တော် ဩဂုတ် ၆**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက် ဂုဏ်ပြု ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ဩဂုတ် ၅ ရက်နှင့် ယနေ့တို့တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်း စစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

## ဂုဏ်ပြုပေးအပ်

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းတစ်ရာ့ငါးဆယ်နှင့် ငွေကျပ်သိန်းသုံးရာတန်ဖိုးရှိစားသောက်ဖွယ်ရာများကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းတစ်ရာ့နှစ်ဆယ်နှင့် ငွေကျပ်သိန်းငါးဆယ်တန်ဖိုး ရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်လေးဆယ့်ငါးသိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းနှစ်ရာ့ငါးဆယ် တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းနှစ်ရာ့ငါးဆယ်နှင့် ငွေကျပ်တစ်ရာ နှစ်ဆယ့်ကိုးသိန်းကျော်တန်ဖိုး ရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်ရှစ်ဆယ့်လေးသိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းတစ်ရာ့တစ်ဆယ်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းခြောက်ဆယ်နှင့် ငွေကျပ်သိန်းလေးဆယ် တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၈၅) ကျောင်းဆင်းအရာရှိ မိသားစုများက ငွေကျပ် ရှစ်ဆယ့်ငါးသိန်းကိုလည်းကောင်း လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များက တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်သည်။(**အပေါ်ယာပုံ**) ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

## လက်ခံရယူ

အလားတူ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ် တစ်ရာသုံးဆယ့်နှစ်သိန်းနှင့် ငွေကျပ်နှစ်ရာလေးဆယ့်ခြောက်သိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ဧည့်ခန်းမ၌လည်းကောင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ်သိန်းနှစ်ရာတစ်ဆယ့်နှစ်သိန်းကျော် တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ရာမညခန်းမ၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ်သိန်းတစ်ရာနှစ်ဆယ့်ကိုးသိန်းကျော်နှင့် ငွေကျပ်သိန်းနှစ်ရာလေးဆယ့်တစ်သိန်းကျော် တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ထားဝယ်မြို့ရှိ ရွှေဝယ်သဇင်ခန်းမ၌ လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ စားသောက်ဖွယ်ရာများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် ဧည့်ရိပ်သာခန်းမ၌လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ်သိန်းသုံးရာတစ်ဆယ့် တစ်သိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို အနောက်တောင်တိုင်းစစ်ဌာနချုပ် ရောဝတီခန်းမ၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ငွေကျပ်သိန်းသုံးရာ တစ်ဆယ့်နှစ်သိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်ဧည့်ခန်းမဆောင်၌လည်းကောင်း တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများနှင့် ကော်မရှင်ဥက္ကဋ္ဌတို့က ပေးအပ်ရာ တိုင်းမှူးများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ စားသောက်ဖွယ်ရာများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကလေးမြို့ရှိ မီးဘေးသင့်တောင်သူများအတွက် စက်သုံးဆီနှင့် ထွန်ယက်ခထောက်ပံ့ပေးအပ်

**စစ်ကိုင်း ဩဂုတ် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကျောင်းတိုက်ကျေးရွာမှ မီးဘေးသင့်တောင်သူ ၇၂ ဦးအား စက်သုံးဆီနှင့် ထွန်ယက်ခ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီက မြို့နယ် စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးတင့်က အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ၏ ထောက်ပံ့ငွေများကို ခရိုင်စက်မှုလယ်ယာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက်ထံ ပေးအပ်သည်။ ဆက်လက်၍ ခရိုင် စက်မှုလယ်ယာ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက ကျောင်းတိုက်ကျေးရွာမှ တောင်သူ ၇၂ ဦး၏ လယ်မြေဧက ၃၀၀ အတွက် ထောက်ပံ့ငွေကျပ် ၃၀၄၂၀၀၀၀ ကို တောင်သူများထံ ဆက်လက်ပေးအပ်သည်။

ကလေးခရိုင်တွင် မိုးစပါး သီးနှံစိုက်ဧက လျာထားချက် ၁၇၈၅၇၅ ဧကရှိရာ ပန်းတိုင်အထွက်ရရှိရေးအတွက် တာဝန်ရှိသူများက သင်တန်းပေးခြင်းနှင့် ကွင်းဆင်း ဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ် ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “A.S.K (မြင်းခြံသား)” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အမှတ်(၁၇) ရပ်ကွက်နေ အောင်ချိတ် (ခ) အောင်စိုးခန့်အား မွန်းလွဲ ၃ နာရီခွဲတွင်လည်းကောင်း၊ “Min Htet” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပုသိမ်ကြီးမြို့နယ် စွယ်လှကျေးရွာနေ မင်းထက်အား မွန်းလွဲ ၃ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်လေးပင်မြို့နယ်၌ ပဲခူးတိုင်းဝန်ကြီးချုပ်ဖလားပြိုင်ပွဲတွင် ပထမဆုရရှိသော ညောင်လေးပင်ခရိုင်ကိုယ်စားပြု အမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

**ညောင်လေးပင် ဩဂုတ် ၆**

ပဲခူးမြို့အားကစားကွင်း၌ ဩဂုတ် ၅ ရက်က ကျင်းပပြုလုပ်ခဲ့သော ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အသက် (၂၀) နှင့်အောက် အမျိုးသမီးဘောလုံး ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် ညောင်လေးပင်ခရိုင်ကိုယ်စားပြု အမျိုးသမီး ဘောလုံးအသင်းအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ညောင်လေး ပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။



အခမ်းအနားတွင် ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ဂုဏ်ပြုအမှာစကား ပြောကြားကာ ညောင်လေးပင် ခရိုင်ကိုယ်စားပြု အသက် (၂၀) နှင့်အောက် အမျိုးသမီးဘောလုံး အသင်းဝင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ညောင်လေး ပင်မြို့နယ် တပ်နယ်မှူး၊ ခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ များနှင့် အဖွဲ့ဝင်များ၊ ဆုရ အမျိုးသမီးဘောလုံးအသင်းဝင် များနှင့် တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဂုဏ်ပြုနေ့ လည်စာညှော်ခံကျွေးမွေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

◆ *ကျော့ဖုံးမှ*

တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့ ကလွင်ကျေးရွာ အုပ်စု ချောင်းကူးငယ်ကျေးရွာ၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ယိုးဒယားစာတန်းပါ ပဲပိစပ်ဆီ တစ်လီတာပါ ဘူး ၁၂၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၀၀၀၀၀၀) ကို လည်းကောင်း၊ မြိတ်မြို့ ကလွင်ကျေးရွာအုပ်စု ရွှေသာရီ ကားဂိတ်အတွင်း၌ တရားဝင်တင်သွင်းခွင့် အထောက် အထားတစ်စုံတစ်ရာ တင်ပြနိုင် ခြင်း မရှိသည့် Lactasoy ပဲနို့ ၄၇၁၆ ဘူး အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၁၀၀၀၀)ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၁၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်း များနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရား မဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် စစ် သင်္ချိုင်းအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် ၄ ဒသမ ၉၅၆ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၉၀၄၉၄၂)နှင့် အဆိုပါ သစ်များ တင်ဆောင်လာသည့် Mazda Canter တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၉၀၄၉၄၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဩဂုတ် ၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရား မဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေး မှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်း မြို့ ရတနာပုံတံတား ပူးပေါင်း စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိ သည်။

ထို့အပြင် ဩဂုတ် ၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရား မဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေး မှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ် စစ်ဆေးရေးစခန်း၌ မော်တော် ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ထိုင်းနိုင်ငံ ထုတ် Carabao အားဖြည့် အချို ရည် ဘူး၈၁၆၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၃၁၇၁၂၁၆)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင် အမှတ် (၃၈၆)မိုင် စဉ့်ကိုင်မြို့နယ် ဇီးခြံကျေးရွာအနီး၌ မော်တော် ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက် အထား တင်ပြနိုင်ခြင်း မရှိသည့် ထိုင်းနိုင်ငံထုတ် Lipovitan-D ပုလင်း ၄၂၅၀၀ အပါအဝင် ကုန် ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၉၄၇၅၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာ သည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀)ကိုလည်းကောင်း၊ ပုလိပ်မြို့ Denko ဆီဆိုင်ရှေ့၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် တရုတ်နိုင်ငံထုတ် ပလတ်စတစ်သောက်ရေဘူး ၃၉၀ ကီလိုဂရမ်၊ အမျိုးသမီးဝတ် ချည်ထည် ၁၅၅၀ အပါအဝင် ကုန်ပစ္စည်း ၁၆မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၈၂၆၆၈၃၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာ သည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၃၃၈၅၅၄၆ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်း များနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၂ ရက်၊ ၄ ရက်နှင့် ၅ ရက်တို့တွင် ဖမ်းဆီး ရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၈၃၈၀၄၈၈) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက် ရေး ဦးဆောင်ကော်မတီမှ သိရ သည်။

**သတင်းစဉ်**

❖ *ကျော့ဖုံးမှ*

ယင်းပြိုင်ပွဲတွင် စိန်ခေါ်ပွဲ ၁၀ ပွဲ၊ ချန်ပီယံခါးပတ်လုပွဲ နှစ်ပွဲပါဝင် မည်ဖြစ်ပြီး Main-Event အဖြစ် ဘင်တန်ဝိတ်တန်းမွေထိုင်း ကမ္ဘာ့ ချန်ပီယံလုပွဲတွင် ဗြိတိန်နိုင်ငံသား ဂျိုနသန်နှင့် ထိုင်းနိုင်ငံသား ဆူပါ လက်ခ်၊ Co-Main Event အဖြစ် လိုက်ဝိတ်တန်း Submission Grapp-ling World Championship တွင် အမေရိကန်နိုင်ငံသား ရှော့တိုလိုနှင့် အမေရိကန်နိုင်ငံသား မစ်ကီတို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ အောင်လအန်ဆန်နှင့် တူရကီနိုင်ငံသား အာဒိုဂန်တို့ပွဲကိုမူ ပွဲစဉ် (၉) အဖြစ် ကျင်းပမည်ဖြစ်သည်။ အောင်လအန်ဆန်သည် MMA ပွဲများနှင့် တစ်နှစ်ကျော်ဝေးကွာပြီးမှ ယှဉ်ပြိုင်ထိုးသတ်ရခြင်းဖြစ်ပြီး ရလဒ်ကောင်း ရယူနိုင်ရန် လိုအပ်နေသည်။ အာဒိုဂန်နှင့် ထိုးသတ်မည့်ပွဲမှာ အောင်လ အန်ဆန်အတွက် ONE Championship အဖွဲ့အစည်းနှင့် လက်တွဲအပြီး ပွဲ ၂၀ မြောက်နှင့် ၁၀ နှစ်ပြည့်တွင် ထိုးသတ်ခွင့်ရသည့် ပထမဆုံးပွဲလည်း ဖြစ်သည်။

အောင်လအန်ဆန်သည် ONE Championship အဖွဲ့အစည်းနှင့် စာချုပ်သက်တမ်းတိုးထားသော်လည်း ကာလအတန်ကြာမှ ပွဲထိုးသတ် ခွင့်ရရှိခြင်းဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ - ALNS**



## မရမ်းကုန်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၆**

သစ်တောသစ်ပင်စိုက်ပျိုးခြင်း၊ ပြုစုထိန်းသိမ်းခြင်းတို့ကို ပြည်သူလူထု အတွင်း နိုးကြားသောအသိစိတ်ဓာတ်ရှင်သန်စေရေးအတွက် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်း မြို့နယ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ကမ္ဘာအေး ဘုရား၌ ဩဂုတ် ၅ ရက်က ပြုလုပ်သည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို သစ်တောဦးစီးဌာနက ဦးဆောင်ပြုလုပ်ရာ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ဌာနခွဲ ညွှန်ကြားရေး မှူး ဦးကျော်မိုး ဦးဆောင်သော ဝန်ထမ်း ၈၀၊ အလုံမြို့နယ် သစ်တော ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မျိုးသူနှင့် ဝန်ထမ်း ၁၅ ဦး၊ ဒေသခံပြည်သူ ၂၀ စုစုပေါင်း ၁၁၅ ဦး တက်ရောက်၍ ငုရွှေဝါပင် ၃၀ ၊ ပျဉ်းမပင် ၃၀၊ စိန်ပန်းပင် ၃၀ ၊ ထိုင်ဝမ်ဗာဒံပင် ၃၀၊ ခရေပင် ၃၀၊ ကျွန်းပင် တစ်ပင် ၊ မည်စည်တစ်ပင် စုစုပေါင်း ပျိုးပင် ၁၅၂ ပင်တို့ကို စုပေါင်းစိုက်ပျိုး ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

❑ *ကျော့ဖုံးမှ*

အဆိုပါပွဲစဉ်မှာ သာမန်ပွဲကစားချိန်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျ နေခဲ့၍ အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ အချိန်ပို မိနစ် ၃၀ တွင် အီဂျစ်အသင်းမှ ဖာရက် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံ ခဲ့ရသည့်အတွက် လက်ကျန်ပွဲချိန်များကို တစ်ယောက်လျော့ဖြင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။ ထို့နောက်တွင် အီဂျစ်အသင်းသည် ပြင်သစ်အသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကို ခုခံဟန့်တား နိုင်ခြင်းမရှိတော့သည်အထိ ကစားအား သိသိသာသာ ကျဆင်းသွား ခဲ့သည်။

ပြင်သစ်အသင်းသည် အီဂျစ်အသင်းဘက်သို့ ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေး ခုနစ်ကြိမ်ထက်မနည်းရရှိခဲ့သော်လည်း ငါးကြိမ်အထိ လွဲချော်ခဲ့သည်။ ပြိုင်ဘက်အီဂျစ်အသင်းက ပြင်သစ်အသင်းဘက်သို့ ဂိုးကန်သွင်းမှု ၁၇ ကြိမ်ထက်မနည်းရှိသော်လည်း ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေး ဖန်တီးထားနိုင်ခြင်း မရှိပေ။

အခြားဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ဩဂုတ် ၅ ရက် ည ၁၀ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သော မော်ရိုကိုနှင့် စပိန်အသင်းပွဲစဉ်တွင် စပိန်အသင်း က အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုး ဖြင့် နိုင်ပွဲရရှိကာ ဗိုလ်လုပွဲ တက်လှမ်းနိုင်ခဲ့သည်။

ပြင်သစ်ကို ရှုံးနိမ့်ပြီး ဗိုလ်လုပွဲတက်လှမ်းခွင့် လွဲချော်ခဲ့သော အီဂျစ် အသင်းသည် ဩဂုတ် ၈ ရက်တွင် တတိယနေရာလုပွဲအဖြစ် ခြေစွမ်း ထက်မြက်သည့် မော်ရိုကိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အီဂျစ်ကို အနိုင်ယူကျော်ဖြတ်နိုင်ခဲ့သော ပြင်သစ်အသင်းသည် ပါရီအိုလံ ပစ် ၂၀၂၄ အမျိုးသား ယူ - ၂၃ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အသင်းကြီး စပိန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ အဆိုပါပွဲစဉ်ကို ဩဂုတ် ၉ ရက် ည ၁၀ နာရီခွဲတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**အောင်ဇော်**

## စဉ့်ကိုင်မြို့နယ်၌ အဆင့်မြင့်တန် ၂၀ ပုံပြောင်းဆန်စက်လည်ပတ်နေမှုအား တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**စဉ့်ကိုင် ဩဂုတ် ၆**

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးနှင့် အဖွဲ့သည် ကျောက်ဆည်ခရိုင် စဉ့်ကိုင် မြို့နယ် အုန်းပင်ခြံကျေးရွာရှိ သမဝါယမအသင်းစုပိုင် ပုလဲ အမှတ်(၈)ဆန်စက်ဝင်းအတွင်း၌ ဩဂုတ် ၆ ရက် နံနက်ပိုင်းက အဆင့်မြင့်တန် ၂၀ ပုံပြောင်း ဆန်စက် လည်ပတ်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

အဆိုပါတန် ၂၀ ပုံပြောင်း ဆန်စက် လည်ပတ်နေမှုအား သမဝါယမဦးစီးဌာန ညွှန်ကြား ရေးမှူးနှင့်အဖွဲ့သည် ဆန်စပါး ဝယ်ယူကြိတ်ခွဲခြင်းလုပ်ငန်းများ၊ စပါးသိုလှောင်ထားရှိမှု အခြေ အနေများ၊ ထွက်ရှိမှုအခြေအနေ များ၊ ဂိုဒေါင်အတွင်းစပါးများ ဝယ်ယူသိုလှောင် ထိန်းသိမ်းမှု အခြေအနေများကို အသေးစိတ် ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည် များ မှာကြားသည်။

အဆင့်မြင့်တန် ၂၀ ပုံပြောင်း ဆန်စက်မှတစ်နာရီလျှင် ဆန်အိတ် ပိုင်း ၁၈ပိုင်း၊ ၂၄ နာရီလည်ပတ် ပါက ဆန်အိတ်ပေါင်း ၃၇၀ ပိုင်း ကြိတ်ခွဲနိုင်ပြီး ဆန်အိတ်တစ်ပိုင်း ကြိတ်ခွဲမှုနှုန်းထားမှာ ငွေကျပ် ၁၀၀၀ ပေးဆောင်ရပြီး ထိုင်းနံ့ ကောက်ဆန်တစ်ပိုင်းလျှင် ငွေကျပ် ၆၅၀၀၀ နှုန်း၊ ပွိုင့်ဖွဲတစ်ပိုင်းလျှင် ၁၂၀၀၀ နှုန်း၊ ရိုးရိုးဖွဲတစ်ပိုင်းလျှင် ငွေကျပ် ၁၃၀၀၀ နှုန်းထားများဖြင့် လည်ပတ် ရောင်းချပေးလျက်ရှိ ကြောင်း စဉ့်ကိုင်မြို့နယ် သမ ဝါယမအသင်းစု အတွင်းရေးမှူး ဦးညီညီဇော်ထံက သိရသည်။



**ဝင်းဝင်းသန်း(စဉ့်ကိုင်)**

# ဒုတိယသမ္မတ ဟားရစ် ဒီမိုကရက်တစ်ပါတီ၏သမ္မတလောင်း တရားဝင်ဖြစ်လာတော့မည်

ဝါရှင်တန် ဩဂုတ် ၆

အမေရိကန် ဒုတိယသမ္မတ ကာမလာဟားရစ်သည် ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်းအဖြစ် တရားဝင်ဖြစ်လာတော့မည်ဖြစ်သည်။ ပါတီ၏ အွန်လိုင်းမဲပေးမှုကို ကြာသပတေးနေ့တွင် စတင်ခဲ့ပြီး တနင်္လာနေ့ ညနေ ၆ နာရီတွင် ပိတ်ခဲ့သည်။



ဟားရစ်သည် ကိုယ်စားလှယ်လောင်းများ၏ ၉၉ ရာခိုင်နှုန်း ထောက်ခံမဲ ရရှိခဲ့သည်။ ဟားရစ်သည် ၂၀၁၆ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီကလင်တန်ပြီးနောက် ဒီမိုကရက်တစ်ပါတီမှ သမ္မတအဖြစ် အမည်စာရင်းတင်သွင်းခြင်းခံရသည့် ဒုတိယမြောက် အမျိုးသမီးဖြစ်လာခဲ့သည်။

ကလင်တန်ကဲ့သို့ပင် ဟားရစ်သည် ရီပတ်ဘလီကင်သမ္မတလောင်း အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အကယ်၍ ၎င်းသာ အနိုင်ရခဲ့ပါက ဘဲဥပုံရုံးတွင် တာဝန်ထမ်းဆောင်ရမည့် ပထမဆုံး အမျိုးသမီးဖြစ်လာမည်ဖြစ်သည်။

သမ္မတ ဂျိုးဘိုင်ဒင် နုတ်ထွက်ပြီးနောက် ဟားရစ်သည် လွန်ခဲ့သည့် နှစ်ပတ်ကပင် ပြိုင်ပွဲသို့ ဝင်ရောက်ခဲ့သည်။

နိုဝင်ဘာလတွင် အမေရိကန်ပြည်သူများ မဲရုံသွားရောက်မဲမပေးခင် ဟားရစ်သည် ပါတီကို စုစုစည်းစည်းဖြစ်ရန် လုပ်ဆောင်သွားမည်ဖြစ်သည်။

ဟားရစ်သည် ၎င်း၏ ဖြစ်နိုင်ခြေရှိသော ဒုတိယသမ္မတဖြစ်မည့်သူအား ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။ သို့သော် အင်္ဂါနေ့ အစောပိုင်းတွင် ကြေညာသွားဖွယ်ရှိသည်။ **အင်န်အိတ်ချ်ကေ**

# ဗွန်လတွင် လာအိုနိုင်ငံ၏ ကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံကျော်ရှိ

ဗီယင်ကျန်း ဩဂုတ် ၆

လာအိုနိုင်ငံ၏ သွင်းကုန်၊ ပို့ကုန်တန်ဖိုးသည် ဇွန်လတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၂၇ ဘီလီယံရှိကြောင်း လာအိုကုန်သွယ်ရေးပေါ်တယ်ဝက်ဘ်ဆိုက်၏ နောက်ဆုံးကိန်းဂဏန်းများအရ သိရသည်။

ဇွန်လ၏ ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၄၇ သန်းရှိပြီး သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၆၈၀ ရှိသည့်အတွက် ကုန်သွယ်ရေးလိုငွေပြမှုမှာ အမေရိကန်ဒေါ်လာ ၁၃၃ သန်းခန့်ရှိကြောင်း အချက်အလက်များတွင် ဖော်ပြထားသည်။

လာအိုနိုင်ငံ၏ အဓိကပို့ကုန်များတွင် ဆား၊ စက္ကူ၊ ရော်ဘာ၊ သကြား၊ ၄က်ပျောစသည်တို့ ပါဝင်သည်။ အဓိကသွင်းကုန်များတွင် ဒီဇယ်၊ စက်သုံးကိရိယာ၊ စတီးနှင့် စတီးထုတ်ကုန်များ၊ ပလတ်စတစ်ထုတ်ကုန်များ၊ ဓာတ်ဆီ၊ ယာဉ်အပိုပစ္စည်းများ၊ အလူမီနီယံထုတ်ကုန်များ စသည်တို့ ပါဝင်သည်။

တရုတ်၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့သည် လာအိုနိုင်ငံ၏ ထုတ်ကုန်များ ထိပ်တန်းတင်ပို့သည့် နိုင်ငံများဖြစ်သည်။ **ဆင်ဟွာ**

# အစ္စရေးမြောက်ပိုင်း စစ်ရေးပစ်မှတ်များကို ဦးတည်ကာ ဟစ်ဇ်ဘိုလာက ဒရုန်းများ ပစ်လွှတ်တိုက်ခိုက်

ဘေရွတ် ဩဂုတ် ၆

အစ္စရေးနိုင်ငံမြောက်ပိုင်း စစ်ဘက်ဆိုင်ရာ ပစ်မှတ်များကိုဦးတည်ကာ ဩဂုတ် ၆ ရက်က ဒရုန်းများပစ်လွှတ်တိုက်ခိုက်ခဲ့ကြောင်း လက်ဘနွန်လက်နက်ကိုင်အဖွဲ့ ဟစ်ဇ်ဘိုလာက ပြောသည်။ ဂိုလန်နီတပ်မဟာဌာနချုပ်နှင့် အက်ဂေါ့ယူနစ် ၆၂၁ ဌာနချုပ်တို့ကို ပစ်မှတ်ထားကာ ဒရုန်းများဖြင့် လေကြောင်းတိုက်ခိုက်မှုတစ်ခုပြုလုပ်ခဲ့ကြောင်း ဟစ်ဇ်ဘိုလာအဖွဲ့က ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အစ္စရေး၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဘေရွတ်မြို့တောင်ပိုင်းဆင်ခြေဖုံးဒေသတွင် ဟစ်ဇ်ဘိုလာအကြီးတန်းတပ်မှူး ရွတ်ခါနှင့် အရပ်သားခုနစ်ဦး သေဆုံးမှုဖြစ်ပွားပြီးနောက် ဟစ်ဇ်ဘိုလာနှင့် အစ္စရေးတပ်မတော်တို့အကြား ထိတွေ့တိုက်ပွဲများ ပြင်းထန်လာခဲ့သည်။ **ဆင်ဟွာ**

# ဂျပန်နိုင်ငံ၌ နေ့အပူချိန်များ မြင့်တက်

တိုကျို ဩဂုတ် ၆

ဂျပန်နိုင်ငံ၌ ဩဂုတ် ၆ ရက်တွင် အပူချိန်ပြင်းထန်ခဲ့သည်။ နိုင်ငံအတွင်း ရာသီဥတုပူပြင်းမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိနေချိန်တွင် နိုင်ငံအနောက်ပိုင်းရှိ အချို့ဒေသများတွင် အပူချိန် ၃၈ ဒီဂရီဆဲလ်စီးယပ်စ်အထိ ကျော်လွန်ခဲ့သည်။ အပူလျှပ်ခြင်းအန္တရာယ်သတိထားရန် အရာရှိများက ပြည်သူများကို တိုက်တွန်းထားသည်။

ဂျပန်မိုးလေဝသအေဂျင်စီက နိုင်ငံအနောက်ပိုင်းနှင့် အရှေ့ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နေကြောင်း ပြောကြားခဲ့သည်။

ကျိုတိုခရိုင် ကျိုတာနာဘီမြို့၌ နေ့အပူချိန်မှာ အန္တရာယ်ရှိသော အဆင့်ဖြစ်သည့် ၃၉ ဒီဂရီဆဲလ်စီးယပ်စ်အထိ ရောက်ရှိခဲ့သည်။ ဟီရိုရှီးမားခရိုင် အာကီအိုတာမြို့၌ နေ့အပူချိန်မှာ ၃၈ ဒသမ ၃ ဒီဂရီဆဲလ်စီးယပ်စ်၊ အိုဆာကာခရိုင် ဆာကာအီမြို့၌ ၃၈ ဒသမ ၁ ဒီဂရီဆဲလ်စီးယပ်စ်၊ ကိုချီခရိုင် ရှီမန်တိုမြို့၌လည်း ၃၈ ဒသမ ၁ ဒီဂရီဆဲလ်စီးယပ်စ်အထိရှိသည်။

ယာမာဂူချီမြို့နှင့် ကူမာမိုတိုမြို့တို့တွင် ၃၇ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ်စ်၊ နာဂိုယာမြို့၌ ၃၇ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်စ်၊ ကိုဖူမြို့၌ ၃၆ ဒသမ ၆ ဒီဂရီ ဆဲလ်စီးယပ်စ်၊ ယာမာဂါတာမြို့၌ ၃၅ ဒသမ ၁ ဒီဂရီ ဆဲလ်စီးယပ်စ် ရှိသည်။ နေ့အပူချိန်သည် တိုကျိုမြို့လယ်၌ ၃၃ ဒသမ ၅ နှင့် ဟော့ကိုင်းဒိုးခရိုင် ၃၁ ဒသမ ၃ အထိ ရှိသည်။ နေ့အပူချိန်များသည် ဗုဒ္ဓဟူးနေ့အထိ ဆက်လက်မြင့်တက်နိုင်သည်။ **အင်န်အိတ်ချ်ကေ**






# ဟန္နိုင်း-မနီလာတို့ ပထမဆုံးအကြိမ် ပူးတွဲကမ်းခြေစောင့် လေ့ကျင့်မှုများ ပြုလုပ်မည်

မနီလာ ဩဂုတ် ၆

ဗီယက်နမ်ကမ်းခြေစောင့်သင်္ဘောတစ်စင်းသည် ပထမဆုံးအကြိမ် ပူးတွဲကမ်းခြေစောင့် လေ့ကျင့်မှုများပြုလုပ်ရန်အတွက် တနင်္လာနေ့တွင် ဖိလစ်ပိုင်နိုင်ငံ၏မြို့တော် မနီလာမြို့သို့ ရောက်ရှိလာခဲ့ကြောင်း သိရသည်။ ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် ရေကြောင်း ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းစေရေးကို ရည်ရွယ်သည်ဟု ဆိုသည်။

တနင်္လာနေ့က အခမ်းအနားဖြင့် ကြိုဆိုခဲ့သော ဗီယက်နမ်ကမ်းခြေစောင့်တပ်သင်္ဘောသည် ပူးတွဲရှာဖွေရေးနှင့် ကယ်ဆယ်ရေး လေ့ကျင့်မှုများအတွက် ဖိလစ်ပိုင်နိုင်ငံတွင် သောကြာနေ့အထိ ရှိနေမည်ဖြစ်သည်။ ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာ ဟန္နိုင်းသို့အလည်အပတ်ရောက်ရှိစဉ် ဇန်နဝါရီလတွင် ဗီယက်နမ်နှင့် ဖိလစ်ပိုင်နိုင်ငံတို့ ရေကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး သဘောတူခဲ့ကြသည်။

ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ပြောရေးဆိုခွင့်ရှိသူက ပူးတွဲလေ့ကျင့်မှုပြုလုပ်ရခြင်း၏ အရေးပါမှုကို အလေးပေးပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# တောင်ကိုရီးယားနိုင်ငံ၌ အပူချိန်လွန်ကဲမှုကြောင့် သေဆုံးသူ ၁၄ ဦးအထိ မြင့်တက်လာ

ဆိုးလ် ဩဂုတ် ၆

တောင်ကိုရီးယားနိုင်ငံ၌ ယခုနှစ်အတွင်း လက်ရှိအချိန် အပူလှိုင်းဖြတ်မှုကြောင့် သေဆုံးသူ ၁၄ ဦးအထိ မြင့်တက်လာကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက အင်္ဂါနေ့တွင် ပြောသည်။ ထို့ပြင် အပူချိန်နှင့်ဆက်စပ်သော နာမကျန်းမှုများအတွက် ဆေးဝါးကုသမှုခံယူသူ အရေအတွက်မှာလည်း ၁၇၀၀ နီးပါး ရှိလာကြောင်း သိရသည်။

အသက်၇၀ အရွယ် အမျိုးသမီးနှစ်ဦးသည် အပူချိန်လွန်ကဲမှုကြောင့် တနင်္ဂနွေနေ့တွင် သေဆုံးခဲ့ကြောင်းနှင့် လွန်ခဲ့သည့် နှစ်ရက်က မွေးမြူရေးခြံတစ်ခုတွင် လဲကျသွားသော အသက် ၆၅ နှစ်အရွယ် အမျိုးသား တစ်ဦးမှာလည်း တနင်္ဂနွေနေ့တွင် သေဆုံးသွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။

တောင်ကိုရီးယားနိုင်ငံ တစ်ဝန်း အပူချိန်မြင့်တက်မှု ဆက်လက်တည်ရှိနေစဉ်အတွင်း သုံးဦးထပ်မံသေဆုံးသည့်အတွက် မေ ၂၀ ရက်နှင့် ဩဂုတ် ၄ ရက်ကြားတွင် အပူချိန်နှင့်ဆက်စပ်သော သေဆုံးသူပေါင်း ၁၄ ဦးအထိ ရှိလာခြင်းဖြစ်သည်။ ယင်းကာလအတွင်း အပူချိန်နှင့် ဆက်စပ်သော နာမကျန်းမှုများကြောင့် ဆေးဝါးကုသမှုခံယူသူပေါင်းမှာ ၁၆၉၀ အထိ မြင့်တက်လာခဲ့ပြီး ယမန်နှစ် အလားတူကာလကထက် ပိုမိုများပြားလာခဲ့သည်။

တောင်ကိုရီးယား နိုင်ငံတွင် လက်ရှိ အပူလှိုင်းဖြတ်မှုကြောင့် မွေးမြူရေးတိရစ္ဆာန်ပေါင်း ၃၀၃၀၀၀ သေဆုံးခဲ့ရပြီး ဖြစ်သည်။ ပြီးခဲ့သည့် သီတင်းပတ်ကစပြီး တောင်ကိုရီးယားနိုင်ငံ တစ်ဝန်း အပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်ခဲ့သည်။ အပူချိန်လွန်ကဲမှုမှာ ဩဂုတ် ၁၅ ရက်အထိ ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသအေဂျင်စီက ခန့်မှန်းထားသည်။ **ဆင်ဟွာ**



# ဒုတိယအကြိမ်မြောက် ASEAN Cyber Shield (ACS) Hacking Contest သို့ ပါဝင်ယှဉ်ပြိုင်ရန် လျှောက်ထားနိုင်

**နေပြည်တော် ဩဂုတ် ၆**

တောင်ကိုရီးယားနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းတစ်ခုဖြစ်သည့် “2nd ASEAN Cyber Shield Hacking Contest ကို ASEAN Cyber Shield Hacking Contest Organizing Committee က ကြီးမှူး၍ ဗီယက်နမ်နိုင်ငံ၊ ဟာလောင်းမြို့၌ နိုဝင်ဘာလအတွင်း ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ လျှောက်ထားလိုသူများသည် ဩဂုတ် ၁၁ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သိရသည်။

အာဆီယံနိုင်ငံများတွင် ရင်ဆိုင်နေရသော ဆိုက်ဘာခြိမ်းခြောက်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် လိုအပ်သည့် ကျွမ်းကျင်ပညာရှင်များအား ပြုစုပျိုးထောင်နိုင်ရန်နှင့် ဒေသတွင်းပြိုင်ပွဲများ ကျင်းပခြင်းဖြင့် ပြိုင်ပွဲဝင်များ၏ အရည်အချင်းများ တိုးတက်စေရန်ရည်ရွယ်၍ ပြိုင်ပွဲကိုကျင်းပခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ၌ နိုဝင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြိုင်ပွဲဝင်များအား စေလွှတ်ယှဉ်ပြိုင်နိုင်ရန် ACS ပြိုင်ပွဲကျင်းပရေးကော်မတီက ဖိတ်ကြားထားကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာအရေးပေါ်တုံ့ပြန်ရေးအဖွဲ့(MMCERT) က ဇူလိုင် ၂၈ ရက်မှစ၍ အသိပေးကြေညာထားသည်။




ယမန်နှစ်က ကျင်းပသည့် ပထမအကြိမ် ACS ပြိုင်ပွဲတွင် ဆုရရှိသူများ။

ပြိုင်ပွဲတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တက္ကသိုလ်အဆင့် နှစ်သင်းစီ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အသင်းတစ်သင်းတွင် ပြိုင်ပွဲဝင်လေးဦးဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်အားလုံးသည် အာဆီယံအဖွဲ့ဝင် နိုင်ငံသားများဖြစ်ရန်နှင့် အာဆီယံနိုင်ငံများရှိ တက္ကသိုလ်များတွင် လက်ရှိတက်ရောက်နေသူဖြစ်ရန် လိုအပ်ကြောင်း၊ ပြိုင်ပွဲကျင်းပစဉ် ပြိုင်ပွဲဝင်များ၏ အသွားအပြန်လေယာဉ်ခနှင့် ဟိုတယ်တည်းခိုခကို ပြိုင်ပွဲကျင်းပရေးကော်မတီက ကျခံသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များအနေဖြင့် Network Security၊ System Security၊ Web Application Security၊ Forensics၊ Cryptography၊ Reversing၊ Vulnerability Analysis နှင့် Penetration Testing စသည့် နည်းပညာရပ်တစ်ခုခုနှင့် ရင်းနှီးကျွမ်းဝင်မှုရှိရမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ် ဇွန်လအထိ သက်တမ်းရှိသည့် နိုင်ငံကူးလက်မှတ်ရှိထားရမည်ဖြစ်ကြောင်းလည်း MMCERT က ကြေညာထားသည်။

ပြိုင်ပွဲဝင်လိုသူများအနေဖြင့် အသင်းခေါင်းဆောင်အတွက် လျှောက်လွှာပုံစံကို https://forms.gle/hSddD8zjtKHiqTz8A လင့်ခ်တွင်လည်းကောင်း၊ အဖွဲ့ဝင်များအတွက် လျှောက်လွှာပုံစံကို https://forms.gle/2Zb3bj1zYx6t2UyX9 လင့်ခ်တွင်လည်းကောင်းရယူ၍ အချက်အလက်များ ဖြည့်စွက်ကာ ဩဂုတ် ၁၁ ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်ဖြစ်ပြီး ပြိုင်ပွဲနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို MMCERT ဝက်ဘ်ဆိုက်၌ တင်ပေးထားသည့် Attachment ဖိုင်တွင် ကြည့်ရှုနိုင်မည်ဖြစ်သည်။

**ကိုစိုး**

# လူသုံးများခဲ့သော ဖုန်းမော်ဒယ် ၁၁ မျိုးအတွက် အပ်ဒိတ်ပေးမှု ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း Xiaomi ကြေညာ

**ရန်ကုန် ဩဂုတ် ၆**

Xiaomi က ထုတ်လုပ်ထားသော Xiaomi နှင့် Redmi ဖုန်းမော်ဒယ် ၁၀ မျိုးနှင့် POCO အမှတ်တံဆိပ် ဖုန်းမော်ဒယ်တစ်မျိုးအတွက် အပ်ဒိတ်များပေးခြင်းကို ရပ်ဆိုင်းတော့မည်ဖြစ်ကြောင်း Xiaomi က ဇူလိုင် ၂၉ ရက်တွင် ကြေညာခဲ့သည်။

အပ်ဒိတ်ပေးမှုရပ်ဆိုင်းရန် ကြေညာလိုက်သော ဖုန်းမော်ဒယ်များမှာ Xiaomi အမှတ်တံဆိပ်တွင် Mi 10S (CN), Mi 10 Pro (EEA, Global, CN), Mi 10 (TR, ID, EEA, IN, EN, Global, CN), Mi 10 Ultra (CN), Mi 11 Lite 5G (JP) ဖုန်းများဖြစ်ပြီး Redmi အမှတ်တံဆိပ်တွင် Note 10 Pro (ID, EEA, Global), Note 10 (TR), Note 10 5G (TW, TR), Note 10T (EN), Note 8 (2021) (EEA, EN) ဖုန်းများဖြစ်သည်။ အဆိုပါဖုန်းမော်ဒယ်များမှာ လူသုံးများခဲ့သည့် မော်ဒယ်များဖြစ်ကာ မြန်မာနိုင်ငံ၌လည်း အသုံးပြုသူအများအပြားရှိနေသော ဖုန်းမော်ဒယ်များဖြစ်သည်။ POCO အမှတ်တံဆိပ်တွင်မူ POCO M3 Pro 5G (EN, TR) မော်ဒယ်သည် အပ်ဒိတ်ရပ်ဆိုင်းတော့မည်ဖြစ်ပြီး ယင်းမော်ဒယ်မှာမူ မြန်မာနိုင်ငံအနေဖြင့် အသုံးပြုသူနည်းကြောင်း သိရသည်။




အဆိုပါ အပ်ဒိတ်ရပ်ဆိုင်းခြင်းတွင် ဆော့ဖ်ဝဲအပ်ဒိတ်ပိုင်းရော၊ လုံခြုံရေး အပ်ဒိတ်ပိုင်းရော နှစ်မျိုးလုံးပါဝင်နေသောကြောင့် ယင်းဖုန်းများကို သုံးစွဲနေသူများအနေဖြင့် နောက်ပိုင်းတွင် ဖုန်းကို ဆက်လက်အသုံးပြုနိုင်မည်ဖြစ်သော်လည်း ဖုန်းအက်ပလီကေးရှင်းအသစ်များကို အသုံးပြုရန် လုပ်ဆောင်ချက်အသစ်များကို ရရှိတော့မည်မဟုတ်သလို လုံခြုံရေးပိုင်းတွင်လည်း လျော့နည်းလာမည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုး**

# MPT (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် အထူးပက်ကေ့ချ်အစီအစဉ်များ မိတ်ဆက်

**ရန်ကုန် ဩဂုတ် ၆**

MPT-KSGM ပူးပေါင်းဆောင်ရွက်မှု (၁၀) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် (၁၀) နှစ်ပြည့် အထူးဒေတာပက်ကေ့ချ်နှင့် (၁၀) နှစ်ပြည့် အထူးထိပေါက်ပက်ကေ့ချ်များကို မိတ်ဆက်ထားပြီဖြစ်ကြောင်း MPT က ဇူလိုင် ၃၁ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ အထူးပက်ကေ့ချ်များသည် MPT-KSGM ပူးပေါင်းဆောင်ရွက်မှု (၁၀) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပေးအပ်လျက်ရှိသည့် ပရိုမိုးရှင်းအစီအစဉ် ၁၀ ခုထဲတွင် အပါအဝင် ဖြစ်ပြီး MPT သုံးစွဲသူများအားလုံးသည် ကျပ် ၁၀၀၀ တည်းဖြင့် ပက်ကေ့ချ်များကို မိမိကြိုက်နှစ်သက်ရာနည်းလမ်းများဖြင့်ဝယ်ယူပြီး အစီအစဉ်တွင် ပါဝင်နိုင်ကြောင်း၊ အထူးဒေတာတွင် သုံးရက်စာ ဒေတာ 10 GB အတွက် ကျပ် ၁၀၀၀ ဖြင့် ပက်ကေ့ချ်ဝယ်ယူမှုတိုင်းအတွက် ငွေသားဆုလက်ဆောင် ကံစမ်းခွင့် လက်မှတ်ငါးစောင်၊ အထူးထိပေါက်ပက်ကေ့ချ်တွင် ၃၀ ရက်စာ ဒေတာ 400MB ကို ဝယ်ယူခြင်းဖြင့် 10GB အထိ ဒေတာကံထူးခွင့်ရရှိမည့် ထိပေါက်ကစားခွင့်နှင့် ငွေသားဆုလက်ဆောင်ကံစမ်းခွင့် လက်မှတ်ငါးစောင်ကို ရရှိမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်ဦး**

# ဟွာဝေးအပိုပစ္စည်းများအတွက် လျှော့ဈေးဖြင့်ပြင်နိုင်မည့် Service Carnival ဝန်ဆောင်မှုပြုလုပ်

**ရန်ကုန် ဩဂုတ် ၆**

ဟွာဝေးဖုန်းများကို အသုံးပြုနေသူများအတွက် ဖုန်းပြုပြင်ရာတွင် အပိုပစ္စည်းများကို ၂၀ ရာခိုင်နှုန်းအထိ လျှော့ဈေးဖြင့် ဝယ်ယူပြုပြင်နိုင်မည့် HUAWEI Service Carnival အစီအစဉ်ကို ဟွာဝေးက ၎င်း၏ တရားဝင်ဝန်ဆောင်မှုစင်တာများတွင် ဇူလိုင် ၁ ရက်မှစ၍ ပြုလုပ်လျက်ရှိပြီး အစီအစဉ်ကာလမှာ စက်တင်ဘာလကုန်အထိဖြစ်ကြောင်း သိရသည်။

ယင်းအစီအစဉ်အရ ၁၀၀ ရာခိုင်နှုန်း မူလထုတ်ကုန်ဖြစ်သော အပိုပစ္စည်းများကို ၂၀ ရာခိုင်နှုန်းအထိ လျှော့ဈေးဖြင့် ဝယ်ယူပြုပြင်နိုင်မည်ဖြစ်ပြီး အပိုပစ္စည်းများအတွက် ရက် ၉၀ အာမခံလည်း ရရှိမည်ဖြစ်ကြောင်း၊ ရရှိနိုင်မည့် အပိုပစ္စည်းအမျိုးအစားများမှာ ရှေ့မျက်နှာပြင်၊ နောက်ကာဗာအဖုံး၊ ဘက်ထရီ၊ စက်ပြား၊ ကင်မရာ စသည်တို့ဖြစ်ပြီး အပိုပစ္စည်း လက်ကျန်ရှိသလောက်သာ ရရှိမည်ဖြစ်ကြောင်း၊ ဟွာဝေး၏ ထုတ်ကုန်များဖြစ်သည့် ဖုန်းများ၊ လက်ပ်တော့ပ်များ၊ တက်ဘလက်များနှင့် စမတ်နာရီကဲ့သို့ ဝတ်ဆင်နိုင်သောပစ္စည်းများကိုပါ ပြုပြင်နိုင်မည်ဖြစ်ကြောင်း၊ အပိုပစ္စည်းအမျိုးအစားအလိုက် ကျသင့်မည့်ဈေးနှုန်းများကို ဟွာဝေး တရားဝင်ဝန်ဆောင်မှုစင်တာများတွင် ကြိုတင်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။



HUAWEI Service Carnival ဝန်ဆောင်မှုတွင် အပိုပစ္စည်းများကို လျှော့ဈေးဖြင့် ဝယ်ယူပြုပြင်နိုင်မည့်အပြင် ဖုန်း၏ရှေ့မှန်အတွက် Screen Protector နှင့် နောက်ကာဗာအတွက် စိတ်ကြိုက်ဖန်တီးယူနိုင်သည့် အနောက်ဖုံး ဖလင်ဒီဇိုင်းကို အထူးဈေးနှုန်းဖြင့် ဝယ်ယူနိုင်မည့် အစီအစဉ်နှင့် လာရောက်ပါဝင်ဆင်နွှဲသူများအတွက် မေတ္တာလက်ဆောင်အစီအစဉ်လည်း ပါဝင်ကြောင်း သိရသည်။ **ကျော်ဇင်ဦး**

# မြန်မာနက်၏ အင်တာနက်ဈေးနှုန်းအချို့ ပြောင်းလဲပြီး အမြန်နှုန်းတိုးမြှင့်ပေး

**ရန်ကုန် ဩဂုတ် ၆**

မြန်မာနက်သုံးစွဲသူများအတွက် ယခုနှစ် ဩဂုတ်လမှစတင်၍ အင်တာနက်အစီအစဉ်အချို့၏ ဈေးနှုန်းများကို ပြင်ဆင်သတ်မှတ်ထားကြောင်းနှင့် အင်တာနက်မြန်နှုန်းများကိုလည်း ထပ်မံတိုးမြှင့်ပေးထားကြောင်း သိရသည်။

ဈေးနှုန်းပြောင်းလဲသည့် အင်တာနက်အစီအစဉ်များမှာ မြန်မာနက် Plus အင်တာနက်အစီအစဉ်တွင် လစဉ်ကြေး ကျပ် ၂၃၀၀၀ တန် အစီအစဉ်ကို ဈေးမပြောင်းဘဲ မြန်နှုန်းတိုးမြှင့်ပေးထားပြီး ကျပ် ၂၅၀၀၀၊ ၂၈၀၀၀ နှင့် ၃၃၀၀၀ တန် အစီအစဉ်များကို ကျပ် ၂၀၀၀ စီတိုး၍ အမြန်နှုန်းလည်း တိုးမြှင့်ပေးထားသည်။ မြန်မာနက်လုပ်ငန်းသုံး အင်တာနက်အစီအစဉ် (ဖိုင်ဘာသီးသန့်)တွင် ကျပ် ၄၀၀၀၀၊ ၆၄၀၀၀၊ ၇၂၀၀၀ နှင့် ၈၂၀၀၀ တန် အစီအစဉ်လေးမျိုးကို မြန်နှုန်းမတိုးဘဲ ဈေးနှုန်း ကျပ် ၂၀၀၀ စီ တိုးမြှင့်ထားသည်။ မြန်မာနက် လုပ်ငန်းသုံး အင်တာနက်အစီအစဉ်(ကြိုးမဲ့) တွင် ကျပ် ၄၀၀၀၀၊ ၆၄၀၀၀၊ ၇၂၀၀၀ နှင့် ၈၂၀၀၀ တန် အစီအစဉ်လေးမျိုးကို အမြန်နှုန်းမတိုးဘဲ ဈေးနှုန်း ကျပ် ၂၀၀၀ စီ တိုးမြှင့်ထားသည်။

မြန်မာနက်အနေဖြင့် ပြီးခဲ့သည့် ဇူလိုင်လကလည်း အင်တာနက်အစီအစဉ်အချို့အတွက် ဈေးနှုန်းများကို ပြောင်းလဲကောက်ခံ၍ အမြန်နှုန်းကိုလည်း တိုးမြှင့်ပေးခဲ့သည်။

**ကျော်ဇင်ဦး**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ငမိုးရိပ်ရေလှောင်တမံနှင့်ရေပိုလွှဲများကြံ့ခိုင်မှု၊ ရေထိန်းညှိလွှတ်ပေးနေမှုများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၆**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းက ငမိုးရိပ်ရေလှောင်တမံနှင့် ရေပိုလွှဲများကြံ့ခိုင်မှု အခြေအနေများနှင့် ရေထိန်းညှိလွှတ်ပေးနေမှုများ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။**(ယာပုံ)**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ငမိုးရိပ်ရေထိန်းမျှော်စင်မှ ငမိုးရိပ်ရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှု၊ ရေထုတ်ပြွန်၊ ကန်ရေပြည့်အမှတ်၊ ရေပိုလွှဲများ ကြံ့ခိုင်မှုရှိ မရှိ သွားရောက် ကြည့်ရှုစစ်ဆေးကြရာ ရှင်းလင်းဆောင်တွင် တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက ငမိုးရိပ်ရေလှောင်တမံ၊ ပေါင်းလင်းရေလှောင်တမံနှင့် မဟူရာရေလှောင်တမံတို့တွင် နှစ်အလိုက် မိုးရွာသွန်းမှု၊ ရေသိုလှောင်ထားရှိမှု၊ ရေလှောင်တမံများ၏ ကြံ့ခိုင်မှုနှင့် ရေလှောင်တမံဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေတက်လာပါက အန္တရာယ်ရှိနိုင်မှုနှင့် ရေအတက်အကျကို အချိန်နှင့်တစ်ပြေးညီ တင်ပြသွားနိုင်ရေးနှင့် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုက်ကြီး မွေးမြူရေးဇုန်နှင့် ဒေသခံကျေးရွာများအတွက် ရေဂါလန် သန်းတစ်ထောင် ဧကပေ ၁၇၄၀ ဆံ့ သေနပ်ချောင်း ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုအခြေအနေများနှင့် ရေပိုလွှဲတည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်၍ ရေမကူးရ၊ ငါးမျှားရ၊ သစ်ပင်မခုတ်ရ အသိပေးဆိုင်းဘုတ်များ ဆောင်ရွက်ထားရှိရန်နှင့် လိုအပ်သည်များ မှာကြားသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုက်ကြီး မွေးမြူရေးဇုန်၏ စီမံခန့်ခွဲရေးရုံးနှင့်ရှင်းလင်းဆောင် တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(မြန်/ဆက်)**

---

## ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Moni-toring Network in East Asia- EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ မြို့ကြီး ၄၁ မြို့ရှိ မိုးလေဝသနှင့် ဇလဗေဒစခန်း ၄၁ ခု (ပုံ-၁)တွင် ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့်စခန်းများပြပုံ




ပုံ (၂)၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ




၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း မိုးရွာသွန်းခဲ့သည့် စခန်း ၃၁ စခန်းမှ မိုးရေနမူနာများ စုဆောင်းရယူခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၁ စခန်းတို့မှ ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၁ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေမရှိကြောင်း တွေ့ရှိရပါသည်။ (ပုံ-၂)

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၆.၉ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၈ |
| ၃ | မြစ်ကြီးနား | ၇.၁ |
| ၄ | ပူတာအို | ၆.၉ |
| ၅ | ဖန်းမော် | ၆.၉ |
| ၆ | တောင်ကြီး | ၇.၃ |
| ၇ | မိုင်းဆတ် | ၆.၉ |
| ၈ | ကျိုင်းတုံ | ၆.၇ |
| ၉ | စစ်ကိုင်း | ၆.၅ |
| ၁၀ | မုံရွာ | ၇.၂ |
| ၁၁ | ပျဉ်းမနား | ၆.၅ |
| ၁၂ | ပြင်ဦးလွင် | ၆.၆ |
| ၁၃ | ရန်ကုန် (ကမ္ဘာအေး) | ၇.၀ |
| ၁၄ | မော်ဘီ | ၆.၆ |
| ၁၅ | မကွေး | ၆.၆ |
| ၁၆ | အောင်လံ | ၆.၇ |
| ၁၇ | စစ်တွေ | ၆.၇ |
| ၁၈ | ကျောက်ဖြူ | ၆.၇ |
| ၁၉ | ပြည် | ၆.၉ |
| ၂၀ | ပဲခူး | ၇.၀ |
| ၂၁ | တောင်ငူ | ၆.၇ |
| ၂၂ | ပုသိမ် | ၆.၉ |
| ၂၃ | မအူပင် | ၆.၉ |
| ၂၄ | ဟသ်ာတ | ၆.၉ |
| ၂၅ | မော်လမြိုင် | ၇.၀ |
| ၂၆ | ရေး | ၆.၇ |
| ၂၇ | ဘီးလင်း | ၆.၉ |
| ၂၈ | ဘားအံ | ၆.၈ |
| ၂၉ | ထားဝယ် | ၆.၉ |
| ၃၀ | မြိတ် | ၆.၈ |
| ၃၁ | ကော့သောင်း | ၆.၈ |

---

## မြစ်ရေကြီးမှုအခြေအနေများ

### မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြု

**နေပြည်တော် ဩဂုတ် ၆**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ **စစ်တောင်းမြစ်ရေ**သည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၂၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**စစ်တောင်းမြစ်ရေ**သည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ လေးပေခန့် (၁၁၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ပဲခူးမြစ်ရေ**သည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၈၇ ပေ (၈၈၀ စင်တီမီတာ) အထက်သို့ ပေဝက်ခန့် (၁၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**သံလွင်မြစ်ရေ**သည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ ငါးပေခွဲခန့် (၁၆၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဝေါန်မြစ်ရေ**သည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၈ ဒသမ ဝ၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ နှစ်လက်မခန့် (၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**ဝေါန်မြစ်ရေ**သည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၀ဒသမ ၃၄ပေ (၆၂၀ စင်တီမီတာ)အထက်သို့ ပေဝက်ကျော်ခန့် (၁၇ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်၊ ပဲခူးမြို့နယ်၊ ဘားအံမြို့နယ်၊ သာပေါင်းမြို့နယ်၊ မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ဝိသမလောဘသားတို့၏ ညွတ်ကွင်းမှ လွတ်ကင်းနိုင်ပါစေ

ငြိမ်းချမ်းအောင်

**လူကုန်ကူးမှု ဒုစရိုက်လုပ်ငန်းများအနက် အွန်လိုင်းရာဇဝတ်ဂိုဏ်းများ၏ လူကုန်ကူးမှုမှာ ယနေ့ကမ္ဘာတွင် ထိပ်တန်းပြဿနာတစ်ခု ဖြစ်လာသည်။**

အွန်လိုင်း သို့မဟုတ် အင်တာနက်ကို အသုံးပြု၍ လိမ်လည်သည့် အွန်လိုင်းငွေလိမ်လုပ်ငန်းကို တရုတ်နိုင်ငံ အပါအဝင် အရှေ့တောင်အာရှက ကျားဖြန့်ဟု လူသိများကြသည်။ ကျားဖြန့်ဟူသည့် အသုံးအနှုန်းမှာ တရုတ်ဘာသာစကားအသံထွက်ဖြစ်ပြီး အဓိပ္ပာယ်မှာ လိမ်လည်မှုများ၊ ငွေကြေးလိမ်လည်မှုများ၊ ဖြားယောင်းသွေးဆောင်မှုများဟု ဆိုလိုသည်။

လွန်ခဲ့သော ဆယ်စုနှစ် တစ်ခုခန့်ကာလ တရုတ်နိုင်ငံအတွင်း လောင်းကစားဝိုင်းများကို နှိမ်နင်းပြီးနောက်ပိုင်း၊ ၂၀၂၀ ပြည့်နှစ် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်မှုကာလ နောက်ပိုင်းတွင် ကျားဖြန့်လုပ်ငန်းသည် ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်နှင့် မြန်မာနိုင်ငံ နယ်စပ်ဒေသများ အပါအဝင် အရှေ့တောင်အာရှနိုင်ငံများတွင် ကြီးမားကျယ်ပြန့်စွာအခြေစိုက်လာခဲ့သည်။

**အွန်လိုင်းငွေလိမ်ဂိုဏ်းများသည် ၎င်းတို့လုပ်ငန်းများတွင် အသုံးချရန်အတွက် အိုင်တီနည်းပညာတတ်ကျွမ်းသူ၊ နိုင်ငံတကာ ဘာသာစကားကျွမ်းကျင်သူ၊ ပညာအရည်အချင်း အသင့်အတင့်ရှိသူ၊ အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်း လူငယ်များကို ပစ်မှတ်ထား၍ ကုမ္ပဏီလုပ်ငန်းများအသွင်ဖြင့် လစာ ပမာဏများများဖော်ပြကာ သွေးဆောင်ဖြားယောင်းခဲ့ကြ**

### နိုင်ငံပေါင်းချုပ် အွန်လိုင်းငွေကြေးလိမ်လည်မှု

အဆိုပါ အွန်လိုင်းငွေလိမ်ဂိုဏ်းများသည် လူမှုကွန်ရက်တွင် သားကောင်ရှာဖွေခြင်း၊ အွန်လိုင်း၌ အမျိုးသမီးအဖြစ် အကောင့်အတု ဖန်တီးပြီး အနောက်နိုင်ငံမှ အွန်လိုင်းသုံးစွဲသူ အမျိုးသားများကို ခရစ်တိုကာရန်စီဟုခေါ်ဆိုသည့် ဒစ်ဂျစ်တယ်ငွေကြေးများ လွှဲပြောင်းလာအောင်ဖြားယောင်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် အချစ်ဇာတ်လမ်းများဖြင့် ဖြားယောင်းသွေးဆောင်လိမ်လည်ခြင်း၊ ဂိမ်းအပလီကေးရှင်း(App) အတုများ၊ ဝက်ဘ်ဆိုက်စာမျက်နှာ(Website) အတုများ၊ ကုမ္ပဏီလုပ်ငန်းအတုများဖြင့် ငွေကြေးအမြတ်အစွန်းများ မက်လုံးပေး၍ လိမ်လည်ခြင်း စသဖြင့် လိမ်လည်မှုပေါင်းများစွာကို ကျူးလွန်ခဲ့ကြရာ အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေးအင်စတီကျု(USIP)ကပင် လက်ရှိကာလတွင် ကျားဖြန့်လုပ်ငန်းများသည် နိုင်ငံပေါင်းချုပ် အွန်လိုင်းငွေကြေးလိမ်လည်မှုအသင်းကြီး ဖြစ်နေသည်ဟု ဆိုသည်။

အဆိုပါ အွန်လိုင်းငွေလိမ်ဂိုဏ်းများသည် ၎င်းတို့လုပ်ငန်းများတွင် အသုံးချရန်အတွက် အိုင်တီနည်းပညာတတ်ကျွမ်းသူ၊ နိုင်ငံတကာ ဘာသာစကားကျွမ်းကျင်သူ၊ ပညာအရည်အချင်းအသင့်အတင့်ရှိသူ၊ အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်း လူငယ်များကို ပစ်မှတ်ထား၍ ကုမ္ပဏီလုပ်ငန်းများအသွင်ဖြင့် လစာပမာဏများများဖော်ပြကာ သွေးဆောင်ဖြားယောင်းခဲ့ကြသည်။

ဤသို့ဖြင့် နိုင်ငံပေါင်းစုံမှ ဘာသာစကားကျွမ်းကျင်သည့် ပညာတတ်လူငယ်များစွာသည် မြင့်မားသော လစာမက်လုံးများကြောင့် လူကုန်ကူးခံရကာ ကျားဖြန့်အွန်လိုင်း ငွေကြေးလိမ်လည်သည့် လုပ်ငန်းတွင်လုပ်ကိုင်ရန် အတင်းအကျပ် ဖိအားပေးလုပ်အားစေခိုင်းခြင်း ခံခဲ့ကြရသည်။

အထူးသဖြင့် တရုတ်၊ အိန္ဒိယ၊ မလေးရှား၊ နီပေါ၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ မြန်မာ စသည့် အာရှနိုင်ငံများနှင့် အာဖရိကနိုင်ငံများမှ အလုပ်ကောင်းကောင်းနှင့် လစာကောင်းကောင်း လိုအပ်နေကြသည့် ပညာတတ်လူငယ်လူရွယ်များစွာမှာ ကျားဖြန့်လုပ်ငန်းအတွက် လူကုန်ကူးခံခဲ့ကြရပြီး ကျွန်ပြုစေခိုင်းမှုများ၊ နှိပ်စက်ညှဉ်းပန်းမှုများ၊ သတ်ဖြတ်ခံရသည့် ရာဇဝတ်မှုများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကြုံတွေ့ခဲ့ကြရသည်။

### မလိမ်လည်နိုင်ပါက နှိပ်စက်ခံရ

အသက် ၃၂ နှစ်အရွယ် ၎ုယင်မှာလည်း စင်ကာပူတွင် အလုပ်ရမည်ဟု ဗီယက်နမ်ပွဲစားတစ်ဦး၏ သိမ်းသွင်းမှုကို ယုံကြည်ခဲ့ရာက လောက်ကိုင်မြို့တွင် ခရီးဆုံးပြီး အွန်လိုင်းငွေလိမ်လုပ်ငန်းတွင် စေခိုင်းခံခဲ့ရသည်။ ပွဲစားက ၎ုယင်ကို ခရီးတစ်ထောက်နားရန် မြန်မာနိုင်ငံသို့ သွားရမည်ဟု လိမ်လည်လှည့်ဖြားပြီး လောက်ကိုင်မြို့သို့ ပို့ဆောင်ကာ မြို့တွင်းအဆောက်အအုံတစ်ခုတွင် အခြားဗီယက်နမ်နိုင်ငံသားအချို့နှင့်အတူ ပိတ်လှောင်ထားခဲ့သည်။ တစ်လမှာ အနည်းဆုံး ဒေါ်လာနှစ်ရာခန့် မလိမ်လည်နိုင်ပါက နှိပ်စက်ခံကြရသည်။

၎ုယင်နည်းတူ အလုပ်၊ လစာကောင်းကောင်းရရှိမည်ဟူသည့် မက်လုံးများကြောင့် မြန်မာအပါအဝင် ဒေသတွင်းမှ ကွန်ပျူတာနှင့် အင်္ဂလိပ်စာကျွမ်းကျင်သူ ပညာတတ်လူငယ်များသည် ဖြားယောင်းသိမ်းသွင်းခံရပြီး အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများတွင် အတင်းအကျပ်စေခိုင်းခံခဲ့ကြရသည်။ နှိပ်စက်ခံရသည့် နိုင်ငံခြားသားများက သက်ဆိုင်ရာသံရုံးများကိုနေရာအတိအကျဖြင့်သတင်းပေးပို့ခဲ့ရာမှ ဒေသတွင်းအစိုးရများက အွန်လိုင်းငွေလိမ်ဂိုဏ်းများကို အာရုံစိုက်လာမိကြသည်။

အွန်လိုင်းလောင်းကစားမှုနှင့် ငွေလိမ်ဂိုဏ်းများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံအချို့မှာ နိုင်ငံတကာအသိုင်းအဝိုင်း၏ အာရုံစိုက်ခြင်းကို ခံကြရသည့်အပြင် အဆိုပါ ရာဇဝတ်ဂိုဏ်းများ၏ လူကုန်ကူးခံကြရသူများ၊ ငွေကြေးလိမ်လည်ခံကြရသူများ၏ မိခင်နိုင်ငံများ၏ အထင်အမြင်လွဲမှုများကိုလည်း ရင်ဆိုင်ကြရသည်။

အမှန်တကယ်အားဖြင့် အွန်လိုင်းငွေလိမ်ဂိုဏ်းများကို ပြည်တွင်းသို့ တရားမဝင် ဝင်ရောက်လာသူများက တည်ထောင်လုပ်ကိုင်ခဲ့ကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း မြန်မာနိုင်ငံသားများက တည်ထောင်လုပ်ကိုင်ခြင်းမဟုတ်ဘဲ တရားမဝင် ဝင်ရောက်လာသူ အများစုက လောက်ကိုင်မြို့ကဲ့သို့ နယ်စပ်ဒေသများတွင် လုပ်ကိုင်ခဲ့ကြပြီး အချို့မှာ မြို့ပြများတွင် တိတ်တိတ်ပုန်းလုပ်ကိုင်ခဲ့ကြခြင်းဖြစ်သည်။

ကိုးကန့်ဒေသတွင် ယခင်ကတည်းက မူးယစ်ဆေးဝါးရောင်းဝယ်မှုများနှင့် လောင်းကစားဝိုင်းလုပ်ဆောင်မှုများရှိခဲ့ရာမှ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားချိန်တွင် သွားလာမှု ကန့်သတ်ချက်များအရ အွန်လိုင်းမှသာ လောင်းကစားမှုများကို လုပ်ဆောင်ခဲ့ကြရာ လုပ်ငန်းအတွက် ကျွမ်းကျင်သူများနှင့် အထောက်အကူပြုဝန်ထမ်းများအပါအဝင် နိုင်ငံခြားသားများပါ လောက်ကိုင်ဒေသသို့ တရားမဝင် ဝင်ရောက်လာခဲ့ကြခြင်းဖြစ်သည်။

### ထိရောက်စွာ နှိမ်နင်းရှင်းလင်းနေ

ကျားဖြန့် ခေါ် အွန်လိုင်း ငွေလိမ်ဂိုဏ်းများ၏ လိမ်လည်ခံရမှုကြောင့် ဒေါ်လာဘီလီယံနှင့်ချီ နစ်နာခဲ့သော တရုတ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်း၍ ဖမ်းဆီးနှိမ်နင်းမှုများကို ဆက်တိုက်ဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံကလည်း မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံပူးပေါင်း၍ အွန်လိုင်းလောင်းကစားမှုများနှင့် အွန်လိုင်းငွေကြေး လိမ်လည်မှုများကို ထိရောက်စွာ နှိမ်နင်းရှင်းလင်းဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက **“လောက်ကိုင်ဒေသအပါအဝင် နယ်စပ်ဒေသများတွင်ဖြစ်ခဲ့သည့် ကျားဖြန့်ခေါ် အွန်လိုင်းလိမ်လည်မှုများသည် လောက်ကိုင်မှာဆိုလျှင် ဟိုတယ်များ၊ လျှို့ဝှက်နေရာများတွင် ပုန်းလျှိုးကွယ်လျှိုးဆောင်ရွက်ကြခြင်းဖြစ်၍ နိုင်ငံတော်အစိုးရအဖွဲ့အနေဖြင့် သိရှိခဲ့ခြင်းမရှိကြောင်း၊ လိမ်လည်မှုများကို တရုတ်နိုင်ငံမှ တိမ်းရှောင်လာသည့် တရုတ်ရာဇဝတ်သားများက ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး လောင်းကစားလုပ်သူများ၊ လိမ်လည်ခံရသူ အများစုမှာလည်း တရုတ်နိုင်ငံသားများသာဖြစ်၍ မြန်မာနိုင်ငံက အများစုက သိရှိခဲ့ခြင်း မရှိကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် အဆိုပါကျားဖြန့်ကိစ္စကို သိရှိသည်နှင့်တစ်ပြိုင်နက် တရုတ်နိုင်ငံနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပြီး နှိမ်နင်းခဲ့ပါကြောင်း၊ ကိုးကန့်ဒေသတွင်သာမက အခြားနယ်စပ်ဒေသများ၌ပါ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဇူလိုင် ၉ ရက်အထိ မိုင်းပေါက်ဒေသ၊ လောက်ကိုင်ဒေသ၊ တာချီလိတ်ဒေသ၊ မူဆယ်ဒေသ၊ မြဝတီ(ရွှေကုက္ကိုလ်၊ KK Park) တို့မှ ဖော်ထုတ်ဖမ်းဆီးရမိသည့် တရုတ်နိုင်ငံသား ၅၁၈၅၁ ဦး၊ ဗီယက်နမ်နိုင်ငံသား ၁၁၄၃ ဦး၊ ထိုင်းနိုင်ငံသား ၆၄၀ ဦး အပါအဝင် ၂၁၅၀ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးနိုင်ခဲ့ကြောင်း”** ဇူလိုင် ၁၀ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသ တိုက်ပွဲဖြစ်စဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ် ထည့်သွင်းပြောကြားသွားခဲ့သည်။

တရုတ်နိုင်ငံသားများသည် အွန်လိုင်းဂိမ်းကဲ့သို့ တရားမဝင်လုပ်ငန်းများတွင် ပါဝင်ပတ်သက်ခဲ့ပါက တရုတ်နိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပြီး နှစ်ရှည်ထောင်ဒဏ်ချမှတ်ခံရသဖြင့် အွန်လိုင်းဂိမ်းများတွင် ဖမ်းဆီးခံရသည့် တရုတ်နိုင်ငံသားအချို့သည် တရုတ်နိုင်ငံသို့ ပြန်လည်ပို့ဆောင်မခံရရေးအတွက် အခြားနိုင်ငံသားဟု လိမ်လည်ထွက်ဆိုခြင်း၊ ထိန်းသိမ်းထားရာနေရာမှ နည်းလမ်းအမျိုးမျိုးဖြင့် လွတ်မြောက်ရန် ကြိုးပမ်းခဲ့သည့်ဖြစ်စဉ်များလည်း ပေါ်ပေါက်ခဲ့သည်။

### အလုပ်ဝင်စတစ်လသာ လစာရရှိ

မကြာသေးမီက ဖိလစ်ပိုင်လူဝင်မှုကြီးကြပ်ရေးဗျူရို၏ သတင်းထုတ်ပြန်ချက်အရ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ နီနွိုင်းအကွီနိုအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ၁၂-၇-၂၀၂၄ ရက်က ပြန်လည်ခေါ်ဆောင်ခဲ့သည့် အသက် ၄၀ အရွယ် ‘King’ ဆိုသူသည် ဖိလစ်ပိုင်နိုင်ငံသားမဟုတ်ဘဲ တရုတ်နိုင်ငံသားဖြစ်နေကြောင်း၊ ၎င်းသည် ဖိလစ်ပိုင်မှ ထိုင်းသို့ သွားရောက်ပြီး ထိုမှတစ်ဆင့် မြန်မာနိုင်ငံသို့ တရားမဝင်ဝင်ရောက်ကာ နယ်စပ်ဒေသတွင် တရားမဝင် အလုပ်လုပ်ကိုင်ခဲ့ကြောင်း၊ လုပ်ငန်းခွင်တွင် အလုပ်ဝင်စ တစ်လအတွက်သာ လုပ်အားခရရှိပြီး ပြစ်ဒဏ်ပေးမှုများသာခံရ၍ အဆင်မပြေသဖြင့် ထိုင်းနိုင်ငံသို့တရားမဝင် ပြန်လည်ဝင်ရောက်ခဲ့ရာမှ ထိုင်းလူဝင်မှုကြီးကြပ်ရေးအဖွဲ့၏ သုံးလကြာဖမ်းဆီးမှုခံခဲ့ရကြောင်း၊ တရုတ်နိုင်ငံကူးလက်မှတ်ကို အသုံးပြုပါက တရုတ်နိုင်ငံသို့ ပြန်လည် ပို့ဆောင်ခံရမည်စိုးရိမ်၍ ဖိလစ်ပိုင်နိုင်ငံသားအဖြစ် ထွက်ဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝိသမလောဘသားတို့၏ ညွှတ်ကွင်းတွင် သားကောင်ဖြစ်ခဲ့ကြရသော လူကုန်ကူးခံကြရသူများ၏ ဖြစ်ရပ်မှန်ဇာတ်လမ်းများကား ရှုပ်ထွေးပွေလီလှသော လောကကြီးအကြောင်းကို စူးစမ်းစ၊ သင်ယူစ အတွေ့အကြုံဗဟုသုတနည်းသူ လူငယ်များအဖို့ သင်ခန်းစာယူစရာပင်။

မြန်မာလူငယ်များအနေဖြင့်လည်း စားဝတ်နေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ရှာဖွေရာတွင်လည်းကောင်း၊ ရေကြည်ရာမြက်နုရာ နယ်မြေသစ်သို့ စွန့်စားသွားရောက် လုပ်ကိုင်ရာတွင်လည်းကောင်း လူကုန်ကူးမှုအန္တရာယ်ကို သတိပြုဆင်ခြင်ရန် လိုအပ်ပါသည်။ မိမိထက် အကြားအမြင်ဗဟုသုတပြည့်ဝသူများ၊ ဘဝအတွေ့အကြုံရင့်ကျက်သူ လူကြီးမိဘများ၏ အကြံပြုလမ်းညွှန်မှုများကို အလေးထားကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

လစာနှင့် အခွင့်လမ်းကောင်းများရရှိမည်ဟူသော နောက်ကွယ်တွင် ဘယ်သူသေသေ ငတေမာပြီးရောဟူသည့် ဝိသမလောဘသားတို့၏ လူကုန်ကူးမှုအန္တရာယ်ညွှတ်ကွင်းကလည်း ရှိနေနိုင်သည် မဟုတ်ပါလား။ ။

- ❖ **အထူးသဖြင့် တရုတ်၊ အိန္ဒိယ၊ မလေးရှား၊ နီပေါ၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ မြန်မာ စသည့်အာရှနိုင်ငံများနှင့် အာဖရိကနိုင်ငံများမှ အလုပ်ကောင်းကောင်းနှင့် လစာကောင်းကောင်း လိုအပ်နေကြသည့် ပညာတတ်လူငယ်လူရွယ်များစွာမှာ ကျားဖြန့်လုပ်ငန်းအတွက် လူကုန်ကူးခံခဲ့ကြရ**
- ❖ **အလုပ်၊ လစာကောင်းကောင်းရရှိမည်ဟူသည့် မက်လုံးများကြောင့် မြန်မာအပါအဝင် ဒေသတွင်းမှ ကွန်ပျူတာနှင့် အင်္ဂလိပ်စာကျွမ်းကျင်သူ ပညာတတ်လူငယ်များသည် ဖြားယောင်းသိမ်းသွင်းခံရပြီး အွန်လိုင်းငွေကြေးလိမ်လည်မှု လုပ်ငန်းများတွင် အတင်းအကျပ်စေခိုင်းခံခဲ့ကြရ**

# AA အကြမ်းဖက်သောင်းကျန်းသူများက မောင်တောမြို့ရှိ ပုစွန်ကန်အနီးတွင် ယာယီနေရပ်စွန့်ခွာနေသော ဘင်္ဂါလီလူမျိုးများအား အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၊ အမျိုးသမီးများအား အဓမ္မပြုကျင့်သတ်ဖြတ်ခြင်းများ လုပ်ဆောင်ခဲ့သည့် ဗီဒီယိုဖိုင်များ ထွက်ပေါ်

**နေပြည်တော် ဩဂုတ် ၆**

AA အကြမ်းဖက်သောင်းကျန်းသူများသည် ရခိုင်ပြည်နယ်အတွင်း မြို့၊ ရွာ၊ ရပ်ကွက်များအတွင်း လက်နက်ကြီးများ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများအား ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။ ၂၀၂၄ ခုနှစ် ဩဂုတ် ၅ ရက်တွင် ရခိုင်ပြည်နယ် မောင်တောမြို့ (အမှတ်-၂) ဖော်ယာဇီရွာ အနောက်ဘက်ကန်စည်းရိုးနားရှိ ပုစွန်ကန်ပေါင်တွင် AA အကြမ်းဖက်အဖွဲ့၏ တိုက်ခိုက်မှုကြောင့် ယာယီနေရပ်စွန့်ခွာပြီး တစ်ဖက်နိုင်ငံသို့တိမ်းရှောင်ရန်လုပ်ဆောင်နေကြသည့် ဘင်္ဂါလီလူမျိုးများ၊ ကလေးငယ်များအပါအဝင် လူအစုလိုက်အပြုံလိုက်ကို လူမဆန်စွာ ရက်ရက်စက်စက် နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်ခဲ့သည်။ ထို့ပြင် ဘင်္ဂါလီ အမျိုးသမီးငယ်များကို အဓမ္မပြုကျင့်ပြီး သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

AAအကြမ်းဖက်သောင်းကျန်းသူများက ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို နိုင်ငံတကာမှ သိရှိသွားမည်ကို စိုးရိမ်သဖြင့် တစ်ဖက်နိုင်ငံသို့ တိမ်းရှောင်ရန် လုပ်ဆောင်နေကြသည့် ဘင်္ဂါလီလူမျိုးများကို ယခုကဲ့သို့ လူမဆန်စွာ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပြီး ထိုသို့ သတ်ဖြတ်ခဲ့သည့် ဗီဒီယိုဖိုင်များ လူမှုကွန်ရက်တွင် ပျံ့နှံ့လျက်ရှိကြောင်း သတင်းရရှိသည်။







**သတင်းစဉ်**

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင် ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ်ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှု လမ်းကြောင်းတစ်လျှောက်နှင့်ကုန်ပစ္စည်း သိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်း ဆိပ်ကမ်းများတွင် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိသည်။

တာဝန်သိ ပြည်သူများ၏ သတင်းပေး တိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း သတင်းရရှိမှု ၅၃ ကြိမ် ရရှိခဲ့ပြီး၊ သတင်းမှား တစ်ကြိမ်၊ နောက်ကျသတင်း နှစ်ကြိမ်နှင့် ဖမ်းဆီးရမိမှု အကြိမ် ၅၀ ဖြစ်သည်။ သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိ အမှုတွဲ ၅၆ မှု ဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်းအမျိုး ၃၀ အပါအဝင် ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၉၈ ဒသမ ၈၇၆ သန်းနှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များအပါအဝင် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိခဲ့သည်။




၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း သတင်းပေး တိုင်ကြားခဲ့သည့် တာဝန်သိ ပြည်သူများကိုလည်း ဖမ်းဆီးရမိမှု တန်ဖိုးကျပ် ၁၁၉၈ ဒသမ ၈၇၆ သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၂၃၉ ဒသမ ၇၇ သန်းကို သတင်းပေး ဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ဌာနဆိုင်ရာတာဝန်ရှိသူများက သတင်းပေးဆုကြေးငွေကျပ် ၂၇၁ ဒသမ ၅၆၆ သန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဇူလိုင်လအတွင်း ချီးမြှင့်ခဲ့ပြီး ဖြစ်သည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင် ကုန်သွယ်မှု သတင်းများနှင့် ပတ်သက်၍ လက်ကိုင်ဖုန်း - ၀၉၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇ - ၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထားဝယ်မြို့နယ် ရန်ကုန်-ထားဝယ်-မြိတ်လမ်းမကြီးပေါ်ရှိ မောင်မယ်ရှောင်ရွာအား တပ်မတော်က မီးရှို့ဖျက်ဆီးဟု မဟုတ်မမှန်ရေးသားဖြန့်ဝေ




**နေပြည်တော် ဩဂုတ် ၆**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ရန်ကုန်-ထားဝယ်-မြိတ်လမ်းမကြီး ပေါ်ရှိ မောင်မယ်ရှောင်ရွာကို လုံခြုံရေး တပ်ဖွဲ့ဝင်များက မီးရှို့ခဲ့ခြင်းဖြစ်သည်ဟု သတင်းတု၊ သတင်းအမှားများကိုတရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများ တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရန်အတွက် အဆိုပါကျေးရွာတစ်ဝိုက်၌ အကြမ်းဖက်သမားများ၏ ခိုအောင်းလှုပ်ရှားသွားလာမှုများ မရှိစေရေး စစ်ဆေးရှာဖွေခြင်းများ ဆောင်ရွက်နေမှုကို အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပြည်သူလူထုမှ အထင်အမြင်လွဲစေရန်နှင့် အကြမ်းဖက်သမားများ လွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်ရန်အတွက် အချိန်ကိုက်သတင်းအမှားများ ဖြန့်ဝေခြင်းဖြစ်ပြီး ထိုကဲ့သို့ မီးရှို့ဖျက်ဆီးခြင်းမှာ အကြမ်းဖက်သမားများ၏ လုပ်ရပ်သာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ချောက်မြို့နယ်၌ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ချောက် ဩဂုတ် ၆**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ ၂၀၂၄ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှု ဖွင့်ပွဲအခမ်းအနားကို မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ဩဂုတ် ၅ ရက်က ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမိုးဇော်နိုင်က အမှာစကားပြောကြားပြီး ချောက်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၊ ဒုခရိုင်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ မျိုးသက်ဦးက အာဟာရ ရက်သတ္တပတ်များတွင် ဆောင်ရွက်မည့် လုပ်ငန်းများအကြောင်း၊ ခရိုင်ပညာရေးမှူး ဦးမန်းအောင်က ကျောင်းအခြေပြု လူငယ်များ အာဟာရဖွံ့ဖြိုးရေး လှုပ်ရှားမှုလုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျန်းမာရေးဌာနနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များအတွက် ထောက်ပံ့သည့် အာဟာရဖွံ့ဖြိုးရေး ထောက်ပံ့ပစ္စည်းများကို ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့က ပေးအပ်ရာ ကိုယ်ဝန်ဆောင်မိခင်ခြောက်ဦးနှင့် နို့တိုက်မိခင်ခြောက်ဦးတို့က လက်ခံရယူသည်။

**ကျော်မိုး(ပြန်/ဆက်)**



# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ကလပ်ပေါင်းစုံ သက်တန်းအလိုက် ကရာတေးပြိုင်ပွဲများကျင်းပ





**ရန်ကုန် ဩဂုတ် ၆**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ကလပ်ပေါင်းစုံ သက်တန်းအလိုက် ကရာတေးပြိုင်ပွဲများကို ယမန်နေ့ညနေပိုင်းက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ တိုင်းဒေသကြီး ကရာတေး ဆပ်ကော်မတီဥက္ကဋ္ဌနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။ ဗိုလ်လုပွဲ ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီးအကြီးတန်း၊ ဂျူနီယာ“ခတ”၊ “ကုမိတဲ့”ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲများအပြီး ဆုပေးပွဲကို ကျင်းပရာ သက်ငယ်ကီလိုတန်း၊ အကြီးတန်း၊ အငယ်တန်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယဆုရရှိကြသော အားကစားသမားများအား တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ကရာတေးအဖွဲ့ချုပ်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီနာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမျိုးသား၊ အမျိုးသမီး အကြီးတန်း၊ ဂျူနီယာ “ခတ”၊ “ကုမိတဲ့” ပြိုင်ပွဲများတွင် အကောင်းဆုံးဆု ရရှိကြသော အားကစားသမားများနှင့် တံခွန်စိုက်ဖလားရရှိသွားသော ISPE, YANGON ကလပ်အသင်းအား ငွေသားဆုနှင့် ဆုဖလားချီးမြှင့်သည်။ ယင်းပြိုင်ပွဲကို ဩဂုတ် ၄ ရက်နှင့် ၅ ရက်တို့တွင် ကလပ် ၁၅ သင်း၊ အားကစားသမား ၂၃ ဦး ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။ **အာကာစိုး**

# MNL-2 (ပထမတန်း) ပြိုင်ပွဲ ပွဲစဉ် (၃) ဆက်လက်ကျင်းပ

**ရန်ကုန် ဩဂုတ် ၆**

၂၀၂၄ ရာသီ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃) ဒုတိယနေ့ကို ဩဂုတ် ၆ ရက်က ဆက်လက်ကျင်းပရာ ရာမညယူနိုက်တက်အသင်း အနိုင်ရသည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ရာမညယူနိုက်တက်အသင်းက Glory Goal အသင်းကို တစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ နှစ်ပွဲဆက် သရေကျထားသည့် အသင်းသစ် ရာမညယူနိုက်တက်အသင်းသည် Glory Goal အသင်းကို အနိုင်ယူကာ ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့သည်။ Glory Goal အသင်းမှာမူ ပထမဆုံးရှုံးပွဲနှင့်အတူ ဇယားထိပ်ပိုင်းမှ ဖယ်ပေးခဲ့ရသည်။ ရာမညယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးကို ၈၆ မိနစ်တွင် ဆန်းမြင့်နိုင်က သွင်းယူခဲ့သည်။ တက္ကသိုလ်ကွင်း၌ကျင်းပသည့်ပွဲတွင် ရွှေပြည်သာယူနိုက်တက်အသင်းနှင့် ငွေကြယ်ပွင့်အသင်း တစ်ဂိုးစီသရေကျခဲ့သည်။ ၅၅ မိနစ်တွင် အောင်ဘုန်းမြတ်က ငွေကြယ်ပွင့်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ၈၉ မိနစ်တွင် ကျော်စွာလင်းက ရွှေပြည်သာယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

ဩဂုတ် ၅ ရက်ကကျင်းပသည့် ပထမနေ့ပွဲစဉ်များတွင် တက္ကသိုလ်အသင်းက ရောဝတီရိန်းဂျားအသင်းကို ရှစ်ဂိုး – နှစ်ဂိုး၊ Chinland အသင်းက ကချင်ယူနိုက်တက်အသင်းကို တစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ **ရဲရင့်လွင်**




သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်ရှိ ကြေးသွန်းမဟာမုနိတန်ဆောင်းတော်ကြီး ပြုပြင်နိုင်ရန် ဩဂုတ် ၅ ရက်က သန်လျင်မြို့ မြို့မဈေးအနောက်ဘက်တန်းမှ ဦးကျော်ဆွေ – ဒေါ်မြမြအေး(အချိုရည်နှင့်ကုန်မျိုးစုံရောင်းဝယ်ရေး) မိသားစုက အလှူငွေကျပ် သိန်း ၁၀၀ ပေးအပ်လှူဒါန်းရာ တည်ဆောက်ရေးဖွဲ့ဘဏ္ဍာရေးမှူး ဦးဌေးဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ သန်းဝင်း(သန်လျင်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၆ – ၈ – ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၅၀ ကျပ် | ၂၅၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၉၂၀ ကျပ် | ၃၀၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၇၀ ကျပ် | ၂၈၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၉၅ ကျပ် | ၂၉၇၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

# ပေါင်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ပေး

**ပေါင် ဩဂုတ် ၆**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပေါင်မြို့နယ်ရှိ( အထက ) ရင်းငြိမ်ကျောင်းတွင် ဩဂုတ် ၆ ရက်က ပန်းခင်းစီမံချက်အဆင့် (၃) အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ကွင်းဆင်းဆောင်ရွက်ပေးရာတွင် မြို့နယ်လဝကဦးစီးမှူး ဦးသန်းဝင်းဇော်နှင့် ဝန်ထမ်းများက အသက် (၁၀) နှစ်နှင့် (၁၈) နှစ်ကြား ကျောင်းသား၊ကျောင်းသူ ၈၆ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားအသစ် ပြုလုပ်ပေးသည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးသည် ဒေသခံပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်ပြားများ လူတိုင်းကိုင်ဆောင်နိုင်ရန်အတွက် မြို့နယ်အတွင်းရှိ စာသင်ကျောင်းများ၊ ရပ်ကွက်၊ ကျေးရွာများသို့ကွင်းဆင်းပြီး နိုင်ငံသားစိစစ်ရေးကတ်များကို လိုက်လံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မွန်မလေး (ပြန်/ဆက်)**



❏ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊**Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ – စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၉၀၀ | ၁၇၁၇ | ၁၅၁၇၆၃၀၀ |
| MTSH | ၃၅၅၀ | ၃၅၅၀ | ၄၄၃၃ | ၁၅၇၃၇၁၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၀၀ | ၁၈၀၀ | ၁၂၄ | ၂၂၃၂၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၇၅၀ | ၁၇၅၀ | ၁၁၁၇ | ၁၉၅၄၇၅၀ |
| AMATA | ၄၆၀၀ | ၄၆၀၀ | ၃၂၅ | ၁၄၉၅၀၀၀ |
| MAEX | ၃၅၀၀ | ၃၄၀၀ | ၁၆၃၀ | ၅၆၀၉၁၀၀ |


မြန်မာ့အလင်း

စာတည်းမှူးချုပ် – အောင်နိုင်ဦး
စာတည်းမှူး – မြင့်စိုး
သတင်းထောက်မှူး – ခင်ရတနာ
စာတည်းများ – ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း – ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ – ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ – ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် – တင်စိုး
သုတေသန – အိအိခင်နှင့် အဖွဲ့
စာပြင် – အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း – သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း – သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**–၄၀၊ **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊နည်းဥပဒေ ၂၀)
## ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၃

ကမ္ဘောဇဘဏ်လီမိတက် နှင့် ၁။ ဦးငွေထွန်း
(ဘဏ်၏ကိုယ်စား-ဒေါ်ခင်မြတ်ထွေး ၂။ ဒေါ်လေးလေးမြင့်
မန်နေဂျာ၊အောင်ပန်းဘဏ်ခွဲ)

တရားလို တရားပြိုင်များ

ရွာငံမြို့၊ ရွာမရပ်ကွက်၊ ခေတ္တာလမ်း၊ အိမ်အမှတ်(၅၀)နေ (၁) တရားပြိုင် ဦးငွေထွန်း (၂)တရားပြိုင် ဒေါ်လေးလေးမြင့်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ကမ္ဘောဇဘဏ်လီမိတက် (ဘဏ်၏ကိုယ်စား- ဒေါ်ခင်မြတ်ထွေး မန်နေဂျာ၊ အောင်ပန်းဘဏ်ခွဲ)က (၂၂-၄-၂၀၂၄)ရက်အထိ ဘဏ်ချေးငွေ အတိုး အရင်းပေါင်း ကျပ် (၃၆၉၃၆၃၆၂၁.၆၇)အတွက် အပေါင်ဒီကရီရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၂၀ ရက် (၁၃၈၆ခုနှစ်၊ ဝါခေါင်လဆုတ် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေး ထိုးထုတ်ပေးလိုက်သည်။

**(အေးမြတ်မွန်)**
**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားသူကြီး**
**ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးအောင်ကြည်၏သား ကျွန်တော် ဦးနိုင်လင်း ၁၂/ဗဟန (နိုင်)၀၆၄၉၈၇ ၏ နိုင်ငံကူးလက်မှတ် 673106 သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၉၅၉၈၀၁၂**

## ဖခင်အမည်မှန်

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ရေမနေပင်ကိုင်း ကျေးရွာ အထက(ကြက်ပေါင်) Grade-12 (STEAMS-2)တွင် ပညာသင်ကြားနေသော မောင်ရောမင်းဆက်၏ ဖခင်အမည်မှန်မှာ ဦးဇော်ထိုက် ၁၄/ပသန (နိုင်) ၁၈၅၀၉၂ ဖြစ်ပါကြောင်း။

**ဦးဇော်ထိုက် ၁၄/ပသန(နိုင်)၁၈၅၀၉၂**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၄-၆-၂၀၂၄ရက်စွဲပါ စာမျက်နှာ (၃၁)မြန်မာ့အလင်းသတင်းစာတွင် ပါရှိသော ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)ကြော်ငြာတွင် ယာဉ်အမှတ် 20W/48256 ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်းအစား ဖောင်းကြွန်ပါတ်ပြား ပျောက် လျှောက်ထားခြင်းဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ် ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၅၁၂)၊ ဧရိယာ(၀ဒသမ၀၅၅) ဧကရှိ ဒေါ်ညိုမီဆွေမြင့် အမည်ပေါက် ပါမစ်မြေကွက်အား ဦးဆွေမြင့် ၁၂/ရကန (နိုင်) ၀၆၆၅၉၅မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်ဆိုချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ဝန်ခံကတိပြုချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်များ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့်တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/17780 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဝင်း ၇/ဝမန(နိုင်)၀၁၃၂၉၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်ကျေးရွာ၊ မြေကွက်အမှတ်(၂/ခ)၊ ရွှေစေတီ(၂)လမ်း၊ ဧရိယာအကျယ်အဝန်း အလျား(၁၂၀)ပေxအနံ(၃၅)ပေရှိ ဘိုးဘွားပိုင်ရွာမြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ Steel Structure ဖြင့် ဆောက်လုပ်ထားသော (၂)ထပ်တိုက် အဆောက်အအုံနှင့် အကျယ်အဝန်း (၂၀)ပေx(၄၀)ပေ မြေကွက်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချသူ ဦးကျော်ဇေထူး ၁၂/မဂတ(နိုင်) ၁၁၃၈၆၂ က အဆက်စပ်စာချုပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်ထားရှိခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိ အဆိုပြုလာခြင်းအပေါ် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဘိုဘိုအောင် ၉/ပသက(နိုင်)၀၈၁၄၄၆က ဦးကျော်ဇေထူး ၁၂/မဂတ(နိုင်)၁၁၃၈၆၂ထံမှ မြေနှင့်အဆောက်အအုံ ဝယ်ယူရန်အတွက် မြေကွက်နှင့်အဆောက်အအုံတစ်ခုလုံး၏ တန်ဖိုးငွေအတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ ဦးကျော်ဇေထူး ရောင်းချသည့် မြေကွက်နှင့်စပ်လျဉ်းအရောင်းအရောင်း အဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းမြတ်( LL.B) စဉ်-၉၃၁၃ တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၂၅၀၁၆၈၀၇၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ ညောင်ပင်ကြီးစု ကွက်သစ်ရပ်ကွက်မှ မြေဧရိယာ (၀.၀၈၂)ဧကရှိ ဒေါ်ခိုင်ဆန်းဝင်း ၁၁/စတန(နိုင်)၀၆၇၂၁၄ (ဘ)ဦးမောင်စောလှ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၁၆၈)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၈၈၅/၂၀၂၁ (၁၁-၆-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရ ရှိထားသူ ဦးတင့်ဝေ ၁၂/သကတ (နိုင်)၀၈၂၀၁၆ (ဘ)ဦးညွန့်လွင်မှ ဒေါ်ခင်စန္ဒာမြင့် ၁၂/ဒလန(နိုင်)၀၆၁၁၉၁နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 35W/46163 ယာဉ်လက်ဝယ်ရှိသူ ဦးထက်မောင်မောင် ၇/ပတတ(နိုင်)၁၀၈၀၉၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/4269, Toyota Wish ZNE 14, Station Wagon ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နီဝင်း ၁၃/တကန(နိုင်)၁၄၃၀၀၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6I/4039, Honda Airwave GJ, S/W(4x2) (R) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရွှေယမင်းဦး ၁၂/ပဘတ(နိုင်)၀၃၀၇၈၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဇေကမ္ဘာစီမံကိန်းအိမ်ရာ၊ ဇေကမ္ဘာဝင်း၊ ကံကော်ရိပ်သာ(၂)၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၆)၊ (၀.၁၂၀)ဧက၊ (၅၂၂၀.၀၀)စတုရန်းပေရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိအကျိုး ခံစားခွင့်အရပ်ရပ်သည် ရောင်းချသူ ဦးဝင်းအောင်မှ ပိုင်ဆိုင်ပြီး ၎င်း၏ကိုယ်စား ဒေါ်ချယ်ရီ ၁၂/မဂဒ(နိုင်)၀၅၂၅၉၄မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းချခဲ့ခြင်းအပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြစိုး ၁၂/မဂဒ(နိုင်)၀၆၅၃၁၇မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီး ဖြစ်ပါသည်။ သို့ဖြစ်ရာ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်သူမရှိပါက သတ်မှတ်ထားသည့်ရက်တွင် အရောင်းအဝယ်အား ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၆၇)**
**အမှတ်-၆၄၈၊ ဦးပုည(၁)လမ်း၊ (၁၇)ရပ်ကွက်၊ ရွှေပေါက်ကံ၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၅၄၁၂၅၆၇**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေ ကွက်အမှတ်(၄၂၃၂)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဒေါ်ခင်စိမ်းမူ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၃၄/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်စွာ ၅/ယမပ(နိုင်)၀၇၀၈၈၂ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးစိုးတင့် ၉/တကန(နိုင်) ၀၆၁၅၅၈နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာ လိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၁၈၅၊ အလျား ၄၀ပေ x အနံ ၆၀ပေ၊ ဧရိယာ (၂၄၀၀)စတုရန်းပေရှိသော ဒေါ်ဖြူဖြူသက် ၁၂/တမန(နိုင်) ၀၉၄၇၁၈၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ်(၁၈၅)၊ သာယာအေးလမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သည့် ၂ထပ် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အမည်ပေါက် ဒေါ်ဖြူဖြူသက်မှ ၎င်းကသာပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းချငွေတန်ဖိုး၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။

ဤအရောင်းအဝယ်ကိုပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစပြီး ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အရောင်း အဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်လွင်လွင်ခိုင်(LL.B,D.B.L,D.I.L)** | **ဦးကျော်စွာဝင်း (LL.B,LL.M)** |
| **အထက်တန်းရှေ့နေ(စဉ်-၂၄၃၄၅)** | **အထက်တန်းရှေ့နေ(စဉ်-၄၅၀၉၁)** |
| **အမှတ်(၆၂၇)၊(၁၁)လမ်း၊ (၇)ရပ်ကွက်** | **ဖုန်း-၀၉-၇၇၇၄၅၇၉၅၄** |
| **တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး** | |

## အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဘုန်းစိုးရပ်ကွက်၊ ဒေါနလမ်းတွင် တည်ရှိသော ဧရိယာ(၀. ၀၂၈)ဧက အကျယ်အဝန်းရှိ အရှေ့လားသော်-ဦးခင်မောင်ဝင်း၊ အနောက်လားသော်-ဦးကိုကြီး၊ တောင်လားသော်-ဒေါ်ခင်ဝမ်း၊ မြောက်လားသော်-ဒေါနလမ်း ၎င်းနယ်လေးရပ်အတွင်းရှိ မြေကွက်ကို(၄-၈-၂၀၂၄)ရက်တွင် ဒေါ်ဇင်မာခိုင်ဆိုသူထံမှ ဒေါ်မြတ်မြတ်မွန်က ဝယ်ယူရန် စရန်ငွေအားပေးအပ်ခဲ့ပါသည်။ အဆိုပါဝင်းမြေကို အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက မုံရွာမြို့၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း တင်ပြအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ--** |
| **ဒေါ်မြတ်မြတ်မွန်** | **ဒေါ်ငြိမ်းငြိမ်းဆုဝေဝင်း LL.B(Advocate)** |
| **၅/မရန (နိုင်) ၂၇၀၄၄၁** | **တရားလွှတ်တော်ရှေ့နေစဉ်-၉၈၉၈/၂၀၁၄** |
| **မြဝတီရပ်၊ မုံရွာမြို့။** | **ဒေါနခြံရပ်၊ မုံရွာမြို့** |

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ အကွက်အမှတ်(၁၀-တံတားဦး အနောက်)၊ ဦးပိုင်အမှတ်(၁၂၆-ဃ)၊ မြေယာအမှတ်(250/350)၊ မြေဧရိယာ (၀ဒသမ၀၆၄) ဧကရှိ မြေနေရာအား မြေငှားဂရန်သက်တမ်းတိုး လျှောက်ထားနိုင်ရေး ဒေါ်ရန်ရီချင် ၁၃/တရန(နိုင်)၀၂၂၁၆၈မှ မြေငှားဂရန်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြေညာပါသည့်ရက်မှစ၍ ရက်ပေါင်း ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ ကွင်း/အကွက်အမှတ်(၈/စည်းခုံရပ်)၊ ဦးပိုင်အမှတ်(၅၄-င)၊ မြေဧရိယာ(၀ဒသမ၀၇၂)ဧကရှိမြေကွက်အား ဦးပိုင်ခွဲ/ အမည်ပြောင်းမြေငှားဂရန်လျှောက်ထားနိုင်ရေး အတွက်ဦးချိုလေး ၉/မမန(နိုင်)၀၁၁၂၉၈ နှင့် ဒေါ်ငွေရှင် ၉/မမန(နိုင်)၀၁၆၅၇၃တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြေညာပါသည့်ရက်မှစ၍ ရက် ၁၅ အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## အမည်မှန်

ကျောက်ပန်းတောင်း၊ အထက (၁) Grade-7၊ အခန်း (၁)မှ မောင်ဟိဏ်းထက်အောင် (ဘ) ဦးပြုံး၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေ စာရင်းအရ မောင်ဟိန်းထက်အောင် ဖြစ်ပါကြောင်း။

**မောင်ဟိန်းထက်အောင်**

## အမည်ပြောင်း

ဦးစိုးသူအောင် ၉/ဝတန (နိုင်)၁၄၃၀၇၄၏သား၊ မိတ္ထီလာမြို့၊ MJ ကိုယ်ပိုင်ကျောင်း Grade-4(B)မှ မောင်ဘုန်းထက်ကျော်အား ယနေ့မှစ၍ မောင်မင်းခန့်တည် ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မင်းခန့်တည်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ သဲကျွန်းကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/သဲကျွန်းအနောက်ရပ်၊ မြေဧရိယာ (၀.၀၅၅)ဧက၊ မြေကွက်အမှတ် (ဥသ-၄၂၂၉)၊ ဒေါ်စန်းစန်းကြိုင် (ဘ)ဦးခင်မောင် အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးကျော်ဇင်ဝင်း ၁၂/ဥကမ(နိုင်)၂၀၇၉၂၆ (ဘ)ဦးခင်မောင်ညိုမှ ပျဉ်းမနားမြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၇၁၁/၂၀၂၃ (၅-၉-၂၀၂၃)တင်ပြ၍ ဒေါ်သက်သက်အောင် ၁၂/ဥကမ (နိုင်)၁၈၁၃၃၉ (ဘ)ဦးအောင်မြင့်နှင့် ဦးကျော်ဇင်ဝင်း ၁၂/ဥကမ(နိုင်)၂၀၇၉၂၆ (ဘ)ဦးခင်မောင်ညိုတို့၏အမည်ဖြင့် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင် ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက် အမှတ် (၈၀၁)၊ ဦးပိုင်အမှတ် ၁/၂၆လမ်း၊ ၆၄x၆၅လမ်းကြားရှိ ဒေါ်မြခင်(ခ) ချန်ဒရာဒေဝီ အမည်ပေါက် ဘိုးဘမြေကွက်အား တရားလို ဒေါ်ကေခိုင်ရွှေက တရားပြိုင် ဦးစောသိန်းဦး၊ ဦးမြင့်လွင်၊ ဦးတင့်လွင်၊ ဒေါ်လီလွင်၊ ဦးသိန်းလွင်၊ မအုန်းမြင့်၊ မချယ်ရီလွင်တို့အပေါ် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုဖြင့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၊ တရားမကြီးမှုအမှတ် (၂၁/၂၀၂၃) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်ကေခိုင်ရွှေ ၁၂/စခန (နိုင်)၀၀၇၇၅၄(၎င်း၏ GPရရှိသူ ဒေါ်နွယ်နွယ်ညွန့်)က ဂရန်စာချုပ်၊ တရားရုံး အမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် -၁ ရပ်ကွက်၊ အကွက် အမှတ် အပိုင်း ၅-ခ၊ ဦးပိုင်အမှတ် ၉ ခဲစင်းအလယ်ခြမ်း၊ ၆၆x၆၇ ကြား၊ ၃၈x၃၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအိုက်ဆမ်(ခ)ဦးအိုက်စံ ၉/မရမ (နိုင်)၀၃၀၉၅၁၊ ဒေါ်ကိုင်ကြီး ၉/မရမ(နိုင်)၀၃၀၉၄၉တို့၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ် (၁၀၆၁၃/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်စန္ဒာမြင့် ၉/အမရ(နိုင်) ၀၄၆၇၅၅က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုတ္တော်ရပ်ကွက်၊ အကွက် အမှတ် ၂၄၊ ဦးပိုင်အမှတ် ၉ ခဲစင်း/၇၆လမ်း၊ ၈x၉ လမ်းကြားရှိ ကိုရင်လေး အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၂၄၀၁/၂၀၁၅) ဖြင့် ဦးဘို၊ ဒေါ်တုတ်တုတ်(ခ)ဒေါ်တုပ်၊ ဦးသိန်းထွန်းတို့ ၃ ဦးက အမွေ ဆက်ခံခဲ့ပြီး၊ ၎င်းတို့ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၅၁၅၅/၂၀၂၀)ဖြင့် ဒေါ်မြင့်မြင့်၊ ဦးထွန်းမြင့်၊ ဒေါ်ကြည်ကြည်(ခ)မကြည်၊ ဒေါ်ခင် စိန်ဝင်း၊ ဒေါ်တင်စိန်ဝင်း၊ ဒေါ်ဝေဝေ(ခ)ရင်ရင်ဝေ၊ ဒေါ်ခင်ခင်ဝေ၊ ဦးထွေး လှိုင်၊ ဒေါ်စမ်းစမ်းဝေ(ခ)စမ်းစမ်းဝင်း၊ ဒေါ်အေးအေးစမ်း၊ ဒေါ်တင်တင် ထွေး၊ ဦးဝင်းမင်းသန်း၊ ဦးအောင်မြင့်၊ ဒေါ်ခင်မာချို၊ ဒေါ်ဝင်းမြိုင်၊ ဦးမြင့်သူ၊ ဒေါ်သူဇာငွေး၊ ဦးအောင်စိုးမိုးတို့ (၁၈) ဦးက ပိုင်ဆိုင်ခဲ့ပြီး၊ ဦးထွန်းမြင့် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၁၈၀၈/၂၀၂၂)ဖြင့် ဇနီး ဒေါ်မာမာ ဝင်းနှင့် ဒေါ်မြင့်မြင့် ပါ ၁၇ ဦးမှ အမွေဆက်ခံခဲ့ပါသည်။ ဒေါ်မြင့်မြင့်၊ ဒေါ်မာမာဝင်း၊ ဒေါ်ကြည်ကြည်(ခ)မကြည်၊ ဦးအောင်မြင့်၊ ဒေါ်ခင်မာချို၊ ဒေါ်ဝင်းမြိုင်၊ ဦးမြင့်သူ၊ ဒေါ်သူဇာငွေး၊ ဦးအောင်စိုးမိုးတို့ ၉ ဦးထံမှ စွန့်လွှတ် စာချုပ်အမှတ် (၁၉၉၇/၂၀၂၂)ဖြင့် စွန့်လွှတ်ခြင်းခံရသူ ဒေါ်ခင်စိန်ဝင်း ၉/မနမ (နိုင်)၀၁၉၇၃၅၊ ဒေါ်တင်စိန်ဝင်း ၉/မနမ(နိုင်)၀၁၉၆၆၄၊ ဒေါ်ဝေဝေ(ခ) ရင်ရင်ဝေ ၉/မနမ(နိုင်)၀၅၃၆၃၀၊ ဒေါ်ခင်ခင်ဝေ ၉/မနမ(နိုင်)၀၁၉၇၅၀၊ ဦးထွေးလှိုင် ၈/မကန(နိုင်)၁၀၄၅၈၂၊ ဒေါ်စမ်းစမ်းဝေ(ခ)စမ်းစမ်းဝင်း ၉/မနမ (နိုင်)၀၁၉၆၇၇၊ ဒေါ်အေးအေးစမ်း ၉/မနမ(နိုင်)၁၀၀၅၇၃၊ ဒေါ်တင်တင် ထွေး ၉/မနမ(နိုင်)၁၀၈၁၂၇၊ ဦးဝင်းမင်းသန်း ၉/မနမ(နိုင်)၁၀၁၅၂၀တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၄၁၈၅/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးထွန်းရောင် ၁၃/ဖခန(နိုင်)၀၃၄၇၃၆က ဂရန်စာချုပ်မူရင်းမှာ အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း ရဲစခန်းရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံး ထောက်ခံ ချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
# လျှောက်လွှာခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် ခန့်ထားရန်အတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်ပါသည် -

| စဉ် | ရာထူး | လစာနှုန်းကျပ် | ခန့်ထားမည့် ရာထူးနေရာ |
|---|---|---|---|
| (က) | အငယ်တန်းစာရေး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၄၀ |
| (ခ) | ငွေကိုင်-၄ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၂၀ |
| (ဂ) | ဒု-လက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၂၀ |
| (ဃ) | ယာဉ်မောင်း-၅ | ၁၆၂၀၀၀-၂၀၀၀- ၁၇၂၀၀၀ | ၂ |
| (င) | ရုံးအကူ/စာပို့ | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ၁၀ |
| (စ) | အစောင့် | ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀ | ၈ |

၂။ အဆိုပါ ရာထူးနေရာများအား အောက်ပါရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများတွင် ယှဉ်တွဲဖော်ပြပါ အရေအတွက်အတိုင်း ခန့်အပ်သွားမည် ဖြစ်ပါသည်-

| စဉ် | ရုံးချုပ်/ တိုင်းဒေသကြီး/ ပြည်နယ် | ခန့်ထားမည့်ဦးရေ အငယ်တန်းစာရေး/ငွေကိုင်(၄)/ဒု-လက်ထောက်ကွန်ပျူတာ လုပ်ဆောင်ရေးမှူး/ယာဉ်မောင်း(၅)/ရုံးအကူ/စာပို့/အစောင့် |
|---|---|---|
| ၁ | ရုံးချုပ် | ၁၅ |
| ၂ | နေပြည်တော် | ၃ |
| ၃ | ကချင်ပြည်နယ် | ၅ |
| ၄ | ကရင်ပြည်နယ် | ၃ |
| ၅ | ချင်းပြည်နယ် | ၂ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၄ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၂ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၁၅ |
| ၉ | မကွေးတိုင်းဒေသကြီး | ၉ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၉ |
| ၁၁ | မွန်ပြည်နယ် | ၄ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၉ |
| ၁၃ | ရှမ်းပြည်နယ် | ၅ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၁၅ |
| | **စုစုပေါင်း** | **၁၀၀** |

၃။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အမှတ်စဉ်(က)၊ (ခ)နှင့် (ဂ) လျှောက်ထားသူများသည် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။ ၁၃-၉-၂၀၂၄ ရက်နေ့တွင် အသက်(၁၈) နှစ်ပြည့်ပြီး အသက်(၃၅) နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၄၀)နှစ်ထက် မကျော်လွန်သူဖြစ်ပြီး၊ ရွေးချယ်ခန့်ထားခြင်းခံရပါက ဌာနတွင်း ဖွင့်လှစ်သည့် သင်တန်းများနှင့် နိုင်ငံ့ ဝန်ထမ်းတက္ကသိုလ်မှ ဖွင့်လှစ်သည့် သင်တန်းများ တက်ရောက်နိုင်သူ ဖြစ်ရမည်။ ဌာနတွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်ရမည် ဖြစ်ကြောင်း ကတိဝန်ခံချက်လက်မှတ်ရေးထိုးရမည်။

(ဂ) အမှတ်စဉ် (ဃ) လျှောက်ထားသူများသည် ယာဉ်မောင်းလိုင်စင်(ခ)ရရှိပြီးသူ ဖြစ်ပြီး ယာဉ်မောင်း အတွေ့အကြုံ(၂)နှစ် ရှိရမည်။ ၁၃-၉-၂၀၂၄ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၄၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက (၄၅) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဃ) အမှတ်စဉ် (င) လျှောက်ထားသူများသည် အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီး ၁၃-၉-၂၀၂၄ ရက်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး အသက် (၃၀) နှစ် ထက် မကျော်လွန်သူဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၅)နှစ် ထက်မကျော်လွန်သူ ဖြစ်ရမည်။

(င) အမှတ်စဉ် (စ) လျှောက်ထားသူများသည် အခြေခံပညာမူလတန်းအဆင့် အောင်မြင်ပြီး ၁၃-၉-၂၀၂၄ ရက်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး အသက် (၃၅)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၄၅) နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(စ) လျှောက်ထားသူသည် ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲ၏ ခွင့်ပြုချက်ရယူ၍ လျှောက်ထားရမည်။

(ဆ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး နေ့/ည တာဝန်ထမ်းဆောင်နိုင်သူ၊ ငွေကြေးအရှုပ်အရှင်းကင်းရှင်းပြီး အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

၄။ လျှောက်ထားသူများသည် လျှောက်လွှာပုံစံအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ် ဘဏ်ခွဲအသီးသီးတွင်လည်းကောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ Website (https://www.madb.gov.mm) တွင် download ပြုလုပ်၍ သော်လည်းကောင်း ထုတ်ယူနိုင်ပြီး လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲတင်ပြရမည် -

(က) ဘွဲ့လက်မှတ်မိတ္တူ၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန် ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဂ) အိမ်ထောင်စုစာရင်းမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(ဃ) အလုပ်သမားမှတ်ပုံတင်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် တိုင်းဒေသကြီး ပြည်နယ်/ ခရိုင်/မြို့နယ် ရဲစခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း၊

(စ) ရက်သတ္တပတ်(၂)ပတ်အတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃) ပုံ၊

၅။ လျှောက်ထားသူများသည် လျှောက်လွှာများကို ရုံးချုပ် (စီမံခန့်ခွဲရေးဌာနခွဲ)၊ အမှတ်(၂၆/၄၂)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဘဏ်ခွဲများသို့ **၁၃-၉-၂၀၂၄** ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။

၆။ တာဝန်ထမ်းဆောင်ဆဲနိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ဖူးသူများအနေဖြင့် ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်တစ်မျိုးမျိုး ကျခံခဲ့ဖူးသူဖြစ်ပါက ပြစ်ဒဏ်အမျိုးအစားကို လျှောက်လွှာတွင်(မပျက်မကွက်)ထည့်သွင်းဖော်ပြထားရမည်ဖြစ်ပြီး ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal)ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၇။ လျှောက်ထားသူများအား အောက်ပါအချိန်ဇယားအတိုင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဘဏ်ခွဲအသီးသီးတွင် အရည်အချင်းစစ်ဆေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ပါသည်-

| စဉ် | လျှောက်ထားသည့်ရာထူး | ဖြေဆိုမည့်ဘာသာရပ် | နေ့ရက်/အချိန် |
|---|---|---|---|
| (က) | အငယ်တန်းစာရေး/ ငွေကိုင်-၄ / ဒု-လက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး | အထွေထွေဗဟုသုတ (ရေးဖြေ) | **ရက် (၂၉- ၉-၂၀၂၄) နံနက် (၉:၃၀) နာရီမှ (၁၁:၀၀) နာရီအထိ** |
| (ခ) | အငယ်တန်းစာရေး/ ငွေကိုင်-၄ / ဒု-လက်ထောက် | ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်း | **ရက် (၂၉- ၉-၂၀၂၄) မွန်းတည့်(၁၂:၀၀)နာရီမှ (၁၃:၀၀) နာရီအထိ** |
| (ဂ) | အငယ်တန်းစာရေး/ ငွေကိုင်-၄ / ဒု-လက်ထောက် ကွန်ပျူတာလုပ်ဆောင်ရေးမှူး | လူတွေ့/နှုတ်ဖြေ | **ရက် (၃၀- ၉-၂၀၂၄) နံနက် (၁၀:၃၀) နာရီ** |
| (ဃ) | ယာဉ်မောင်း-၅ | လူတွေ့ / နှုတ်ဖြေ | **ရက် (၃၀-၉-၂၀၂၄) နံနက် (၁၀:၃၀) နာရီ** |
| (င) | ရုံးအကူ/စာပို့ ၊ အစောင့် | လူတွေ့ / နှုတ်ဖြေ | **ရက် (၃၀-၉-၂၀၂၄) နံနက် (၁၀:၃၀) နာရီ** |

၈။ ဖြေဆိုခွင့်ရရှိသူများစာရင်းကို ၂၆-၉-၂၀၂၄ ရက်နေ့တွင် ရုံးချုပ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး /ပြည်နယ်ဘဏ်ခွဲများတွင် ကြေညာပေးသွားမည်ဖြစ်ပြီး စာမေးပွဲလာရောက်ဖြေဆိုပါက နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း) ပါရှိရမည်။

၉။ ရွေးချယ်ခန့်ထားသည့်အမည်စာရင်းကို ရုံးချုပ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် ဘဏ်ခွဲများတွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည် -

| စဉ် | ရုံးချုပ်/တိုင်းဒေသကြီး/ပြည်နယ် | ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်များ |
|---|---|---|
| ၁ | ရုံးချုပ် | ၀၁-၃၉၁၂၃၂ ၊ ၀၉-၄၄၂ ၆၆၄ ၆၆၄ |
| ၂ | နေပြည်တော် | ၀၆၇-၅၅၀၃၄၆၊၀၆၇-၅၅၀၃၄၄ |
| ၃ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၂၅၂၆၊၀၇၄-၂၅၂၂၃၈၁ |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၃၉၈ |
| ၅ | ချင်းပြည်နယ် | ၀၉-၄၀၀၃၁၁၈၇၁၊၀၇၀-၂၁၀၉၃ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၃၇၂၅ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၁၂၅၇ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၃၀၀၇၇၊၀၅၂-၂၂၃၀၀၂၂ |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၆၆၈၀ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၃၄၉၃၊၀၂-၄၀၆၉၇၄၀ |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၄၈၀၃ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၆၅၀၄၀၁၊၀၁-၆၅၀၃၉၈ |
| ၁၃ | ရှမ်းပြည်နယ် | ၀၈၁-၂၁၂၂၃၉ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၉၁၂၇၊၀၄၂-၂၉၁၂၆ |

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ ဦးမျိုးမင်းသိန်း ၁၂/အစန(နိုင်) ၂၀၄၄၅၂၏ သမီး မသျှင်ဦးပျိုအား မသရဝဏ်ဦး ဟုလည်းကောင်း၊ မောင်မင်းမြတ်စံ အား မြတ်ဘုန်းပြည့်ဟု လည်းကောင်း ၊ ဦးခင်မောင်ရီ ၁၂/ကတန(နိုင်)၀၆၀၄၈၄ ၏သမီး ဒေါ်မျိုးသန္တာအောင် ၁၂/ကတန (နိုင်)၀၉၁၁၃၄ အား ဒေါ်ခင်မျိုးမြတ်သူ(ခ) ဒေါ်မျိုးသန္တာအောင် ဟု လည်းကောင်းပြောင်းလဲ ခေါ်ပါရန်။

## ဖခင်အမည်မှန်

ဖျာပုံမြို့၊ အလက(၂)၊ Grade-9မှ မောင်အောင်ပြည့်စုံနှင့် Grade- 4မှ မောင်ရဲသွေးညီတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်ကျော် ၁၄/ဖပန(နိုင်)၂၁၉၅၁၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မင်းဘူးမြို့၊ အမှတ်(၁)အထက Grade-11မှ မောင်မျိုးသီဟကျော်နှင့် မင်းဘူးမြို့ အမက(ရှမ်းစု) Grade-4မှ မောင်လျှမ်းထက်ဇော်တို့၏ ဖခင် ဦးဖိုးဇော်၏ အမည်မှန်မှာ ဦးဇော်မင်းထွန်း ၈/မဘန(နိုင်) ၀၈၅၉၆၉ ဖြစ်ပါကြောင်း။

**ဦးဇော်မင်းထွန်း**

## ပျောက်ဆုံးကြောင်း

ဦးကျော်သူအောင် (ဘ) ဦးစံရီ ၁၂/ဥကတ(နိုင်) ၀၂၆၉၀၁ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၇၇၁၄၁၉၆**

## ဖခင်အမည်မှန်

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် အဝေးသင်၊ သင်တန်းရူပဗေဒ စတုတ္ထနှစ်တွင် ပညာသင်ကြားနေသော မသန်းသန်းဝင်း၏ ဖခင်အမည်မှန်မှာ ဦးမူနယန်းတီး ၁၂/သခန(နိုင်) ၀၇၂၀၀၃ ဖြစ်ပါကြောင်း။ **ဦးမူနယန်းတီး**

## အမည်ပြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ ဘိုးရာဇာလမ်းနေ ဦးကျော်ဝင်း၏ သား မောင်ကျော်စွာဝင်း အား မောင်ဟံထွန်းညိမ်းဟု ပြောင်းလဲ ခေါ်ဆိုပါရန်။

**မောင်ဟံထွန်းညိမ်း**

## မိခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထက(ရွှေကုက္ကို) Grade-6 မှ နန်းအေးမြတ်အောင် (ကျောင်းဝင်အမှတ်-၁၃၂၈)၏ မိခင်အမည်မှန်မှာ ဒေါ်မြမူ ဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၂-၁၀-၂၀၁၀ ဖြစ်ပါကြောင်း။ **ဒေါ်မြမူ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 73W/5711 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ ဟသ်ာတ**

## အမည်ပြောင်း

ကမာရွတ်မြို့နယ်၊ TTC လေ့ကျင့်ရေးအထက်တန်းကျောင်း စတုတ္ထတန်း (G-4)စံပယ်ခန်းမှ မောင်ဇေထက်အောင်(ဘ) ဦးဖြိုးကိုကို ၁၂/တကန(နိုင်)၁၄၁၀၅၁အား မောင်စံညီမ်းအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်စံညီမ်းအောင်**

## အမည်ပြောင်းခြင်း

ကမာရွတ်မြို့နယ်၊ TTC လေ့ကျင့်ရေးကျောင်း စတုတ္ထတန်း (G-4) ကံ့ကော်ခန်းမှ မောင်သူ့ထက်ထူးအောင် (ဘ)ဦးလင်းကိုကို ၅/တဆန(နိုင်)၀၇၄၁၆၉အား မောင်အောင်မြတ်ဟိန်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်အောင်မြတ်ဟိန်း TTC**
**လေ့ကျင့်ရေးကျောင်း၊ ကမာရွတ်**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ အထက (၁) ပြွန်တန်ဆာ ဒသမတန်း (STEAMS-2)မှ မောင်ကောင်းထက်ပိုင်၏ ဖခင် ဦးကျော်ကျော်၏ အမည်မှန်မှာ ဦးအောင်ကျော်ဦး ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ ကွင်း/အကွက်အမှတ်(၈/စည်းခုံရပ်)၊ ဦးပိုင်အမှတ်(၅၄-ဃ)၊ မြေဧရိယာ (၀ဒသမ၁၀၇)ကေရှိ မြေကွက်အား ဦးပိုင်ခွဲ /အမည်ပြောင်း မြေငှားဂရန် လျှောက်ထားနိုင်ရေးအတွက် ဦးမျိုးမြင့် ၁၂/လသန (နိုင်) ၀၁၀၆၄၆မှ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9R/7373 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(သာယာဝတီ)**

## Little Chiki Company Limited ၏
## အစုရှယ်ယာမတည်ငွေလျှော့ချကြောင်း ကြေညာခြင်း

Little Chiki Co,Ltd. ၏ အစုရှယ်ယာလျှော့ချမည့်ကိစ္စရပ်အား ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန မှတ်ပုံတင်အရာရှိမှ အတည်ပြုပြီးဖြစ်သဖြင့် (၅-၈-၂၀၂၄)ရက် ကျင်းပသော အစုရှယ်ယာရှင်များ အထူးအစည်းအဝေးမှကုမ္ပဏီ၏ မတည်ငွေရင်း ငွေကျပ် ၄၀,၀၀၀,၀၀၀/-မှ ၁၀,၀၀၀,၀၀၀/- သို့ လျှော့ချသွားရန် ဆုံးဖြတ်ခဲ့ကြကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Little Chiki Company Limited**
**၏ အစုရှယ်ယာရှင်များ**

## ဦးကျော်မင်းထွန်းနှင့် အများသိစေရန်ကြေညာခြင်း

အေးချမ်းဖြိုး ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်အသင်း (ချောက်မြို့နှင့် ရန်ကုန်မြို့)သည် (၁၉၉၄)ခုနှစ်မှစ၍ လုပ်ငန်းများလုပ်ကိုင်ခဲ့ရာ အသင်း၏ကြီးကြပ်ရေးမှူးဖြစ်သူ ဒေါ်သင်းခိုင်အေး (ကြီးကြပ်ရေးမှူး)ဖြစ်သူ မှတ်ပုံတင်အမှတ် ၈/ခမန(နိုင်)၀၀၁၀၁၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးကျော်မင်းထွန်း ၈/ခမန(နိုင်)၀၀၀၂၅၅ နှင့် အများသိစေရန်ကြေညာအပ်ပါသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် ရာဇဝတ်ပြင်ဆင်မှုအမှတ်-၁၅/၂၂တွင်လည်း လက်ရှိလုပ်ကိုင်သူသာ အနိုင်ဒီကရီရရှိခဲ့သည်ကို ဦးကျော်မင်းထွန်း သိရှိထားပြီးဖြစ်ပါသည်။ ဦးကျော်မင်းထွန်းသည် အေးချမ်းဖြိုးယာဉ်လိုင်း အသင်းတွင် ပါဝင်ခြင်းမရှိသူဖြစ်ပြီး လုပ်ငန်းရှင်အဖြစ်လည်း ယာဉ်လိုင်း ပါဝင်ခြင်းမရှိသူဖြစ်ပါသောကြောင့် အေးချမ်းဖြိုး ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်အသင်း (ချောက်မြို့နှင့် ရန်ကုန်မြို့)၏ ဂိတ်ဖြစ်သော အောင်မင်္ဂလာအဝေးပြေးကားဂိတ်၊ ပုဂံလမ်း၊အဆောင်(ဏ/ဘီ)၊ အခန်းအမှတ်(၁၁)အား အသင်း၏ ကြီးကြပ်ရေးမှူးဖြစ်သူ ဒေါ်သင်းခိုင်အေး အမည်ဖြင့် ပြောင်းလဲလျှောက်ထားပြီးဖြစ်သောကြောင့် အေးချမ်းဖြိုး ယာဉ်လိုင်းနှင့် မသက်ဆိုင်သူ ဦးကျော်မင်းထွန်းမှ ပေါင်နှံလွှဲပြောင်း ရောင်းချခြင်းများ ပြုလုပ်ခွင့်မရှိကြောင်းနှင့် ပြုလုပ်ခဲ့ပါက သက်ဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိကေခိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၂၂)**
**ခ/၁၀၆၊ အောင်သာယာလမ်း၊**
**(၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊**
**ဖုန်း-၀၉-၄၅၃၃၈၉၆၈၇၊**

## ကန့်ကွက်နိုင်ပါကြောင်း

